မြဝတီ
နေ့စဉ်
အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၁၈၃)
၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ သောကြာနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။ **ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့်စည်ကား



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ညပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင်တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၁၇

သီတင်းကျွတ်လသည် မြန်မာရာသီ(၁၂)လတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်သည့်အတွက် အဘိဓမ္မာ အခါတော်နေ့ဖြစ်သည့် အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့်နေ့ထူးနေ့မြတ်ရက်တစ်ရက်လည်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ **စာမျက်နှာ ၁၆ ကော်လံ ၁ ●**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်)

# ကောင်းမှုအဖြာဖြာ သီတင်းကျွတ်အခါ

သက္ကရာဇ် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် အမြတ်တနိုးတန်ဖိုးထားသည့်နေ့တစ်နေ့ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုရားပုထိုးစေတီများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ကုသိုလ်ကောင်းမှုပြုသူများနှင့် စည်ကားများပြားလှသည့်နေ့လည်းဖြစ်သည်။ မြတ်စွာဘုရား၏ရုပ်ပွားတော်များကိုဖူးမြော်ရခြင်းမှာ သက်ရှိထင်ရှားမြတ်စွာဘုရားကိုရည်မှန်းကာ ဖူးမြော်ကြခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သုံးလောကထွတ်ထားမြတ်ဘုရားဟုပေါ်ထွန်းလာစေရန်အတွက် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီများဖြည့်ကျင့်ခဲ့ရသည်။

လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်၌ ဘုရားအလောင်းတော်သည် သုမေဓာရှင်ရသေ့ဖြစ်ခဲ့သည်။ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ ကိုယ်တော်တစ်ဦးတည်း နိဗ္ဗာန်ချမ်းသာကို ရယူနိုင်သော်လည်း ဩဃလေးဖြာသံသရာ၌ နစ်မွန်းမျောပါကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို သနားကြင်နာတော်မူလှသဖြင့်ယူတော်မမူခဲ့ပေ။ သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝတိုင်အောင် မရေမတွက်နိုင်သောဘဝများစွာတို့၌ ရွှေ၊ ငွေ၊ ဆင်၊ မြင်း အစရှိသည်ကိုလှူခြင်း **ဒါနပါရမီ**၊ ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည်ကိုလှူခြင်း **ဒါနဥပပါရမီ**၊ ကိုယ့်အသက်ကိုလှူခြင်း **ဒါနပရမတ္ထပါရမီ**အစရှိသော ပါရမီသုံးဆယ်တို့ကိုဖြည့်ကျင့်တော်မူခဲ့လေသည်။

ထို့ပြင် အလွန့်အလွန်စွန့်နိုင်ခဲစွာသော ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်းတို့၏စည်းစိမ်ဥစ္စာ ရတနာကိုစွန့်ခြင်း **ဓနပရိစ္စာဂ**၊ သားသမီးကိုစွန့်ခြင်း **ပုတ္တပရိစ္စာဂ**၊ မယားကိုစွန့်ခြင်း **ဘရိယပရိစ္စာဂ**၊ ခြေ၊ လက်၊ နား၊ နှာခေါင်းအစရှိသည့် အင်္ဂါကြီးငယ်ကိုစွန့်ခြင်း **အင်္ဂပရိစ္စာဂ**၊ ကိုယ့်အသက်ကိုစွန့်ခြင်း **ဇီဝိတပရိစ္စာဂ**ဟုဆိုအပ်သောစွန့်ခြင်းကြီးငါးပါးကို ဖြည့်စွန့်တော်မူခဲ့သည်။ ဤသို့ဘဝများစွာ သံသရာကာလပတ်လုံးပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီးနောက် ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌သေတကေတုမည်သော နတ်သားဖြစ်ခဲ့သည်။ နတ်သားဖြစ်စဉ် စကြဝဠာတိုက်တစ်သောင်းမှနတ်ဗြဟ္မာအပေါင်းတို့က "ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူ့ပြည်သို့ဆင်း၍ဘုရားဖြစ်တော်မူပါ" ဟု ဘုရားအလောင်းတော်ကိုတောင်းပန်ကြသည်။

သို့ဖြစ်၍ဘုရားအလောင်းတော် သေတကေတုနတ်သားသည် ဘုရားဖြစ်ရာ အချိန်ကာလ၊ ဘုရားဖြစ်ရာကျွန်းအရပ်၊ ဘုရားဖြစ်ရာအရပ်ဒေသ၊ ဘုရားဖြစ်ရာ အမျိုးအနွယ်၊ ဘုရားအလောင်းတော်၏ မယ်တော်ဖြစ်မည့်သူ၏ သက်တမ်းအပိုင်းအခြားဟူသော ကြည့်ခြင်းကြီးငါးပါးတို့ကိုကြည့်ရှုတော်မူပါသည်။ ယင်းသို့ ကြည့်ရှုတော်မူပြီး နတ်အဖြစ်မှစုတေကာ မဟာသက္ကရာဇ် ၆၇-ခု ဝါဆိုလပြည့်ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင်ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာဒေဝီမိဖုရားကြီး မယ်တော်မာယာဝမ်း၌ပဋိသန္ဓေတည်နေပြီး မဟာသက္ကရာဇ် ၆၈- ခု ကဆုန်လပြည့် သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့်ကပိလဝတ်ပြည်၏ အကြားရှိ လုမ္ဗိနီသာမောအင်ကြင်းတော၌ ဘုရားအလောင်းကိုဖွားမြင်တော်မူပါသည်။

ဘုရားအလောင်းတော်သည် ၁၆ နှစ်အရွယ်ရောက်သောအခါ ယသော်ဓရာမင်းသမီးနှင့်ထိမ်းမြားလက်ထပ်၍ မင်းစည်းစိမ်ကိုခံစားသည်။ ၂၉ နှစ်အရွယ်ရောက်သောအခါ နိမိတ်ကြီးလေးပါးကိုမြင်တော်မူ၍ တောထွက်ကာ အလွန်ပြုနိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ပတ်လုံးကျင့်တော်မူခဲ့သည်။ ဘုရားအလောင်းတော်သည် သုဇာတာမည်သောသူဌေးသမီးလှူဒါန်းအပ်သော နို့ဃနာဆွမ်းကို အဇပါလညောင်ပင်ရင်း၌ အလှူခံဘုဉ်းပေးပြီး မဟာဗောဓိပင်သို့ ကြွသွားတော်မူသည်။ သုဒ္ဓိယစေင်မြက်ထမ်းသမား (မြက်ရိတ်လုလင်)သည် မဟာဗောဓိပင်သို့ကြွလာသော ဘုရားအလောင်းတော်အား မြက်ရှစ်ဆုပ်ကိုလှူဒါန်းလေသည်။ ဘုရားအလောင်းတော်သည် သုဒ္ဓိယစေင်လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကိုကြဲဖြန့်လိုက်သောအခါ ထိုခဏဝယ်မြက်ရှစ်ဆုပ်သည် မဟာဗောဓိပင်ရင်း၌ အပရာဇိတပလ္လင်ဖြစ်လာလေသည်။

ဘုရားအလောင်းတော်သည် ထိုပလ္လင်ထက်၌ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီဒေဝပုတ္တမာရ်(မာရ်နတ်ရန်)ကို အောင်မြင်တော်မူ၍ ညဉ့်ဦးယံ၌ ရှေးကနေခဲ့(ဖြစ်ခဲ့)ဖူးသော ခန္ဓာစဉ်ကိုအောက်မေ့တတ်သိတတ်သော "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်"ကိုရတော်မူသည်။ သန်းခေါင်ယံ၌ နတ်တို့၏ မျက်စိနှင့်တူသော စုတေခါနီးသောသတ္တဝါ စသည်တို့ကိုမြင်တတ်သော"ဒိဗ္ဗစက္ခုဉာဏ်" ကို ရတော်မူသည်။ မိုးသောက်ယံ၌အာသဝေါတရားလေးပါးတို့၏ကုန်ခြင်းကိုပြုတတ်သော"အာသဝက္ခယဉာဏ်"ကိုရတော်မူ၍ မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မိုးသောက်ယံအချိန်ဝယ် လောကသုံးပါးတွင် အတုမရှိသောသဗ္ဗညုဘုရားရှင်အဖြစ်သို့ရောက်တော်မူပါသည်။ မြတ်စွာဘုရားရှင်သည် ၄၅ ဝါကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား ဓမ္မစကြာ စသည့်တရားတို့ကိုဟောပြတော်မူကာ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားကိုဆောင်ရွက်တော်မူခဲ့သည်။ သီတင်းကျွတ်အခါသမယမှာလည်း ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံးတာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာတရားဟောကြားတော်မူပြီး လူ့ပြည်သို့ပြန်လည်ဆင်းသက်ခြင်းကိုကြိုဆိုဖူးမြော်ကန်တော့ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် နေ့စဉ်ဒါန၊ သီလ၊ ဘာဝနာ စသည်ဖြင့်ကုသိုလ်အမှုကိုအမြဲပြုနေကြသူများဖြစ်သည်။ နေ့ကြီးရက်ကြီးအခါကြီးများတွင် အခြားနေ့ရက်များထက် ပိုမိုထူးခြားသောကောင်းမှုကိုပြုကြသည်။ ထို့ကြောင့် **"ကောင်းမှုအဖြာဖြာ သီတင်းကျွတ်အခါ"** ဟူ၍ လှူဒါန်းမှု ကောင်းမှုအစုစုကိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## သန်းခေါင်စာရင်း အကောက်မခံရသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ်- ၀၆၇-၄၃၁၀၆၂၊ ၀၆၇-၄၃၁၃၅၉၊ ၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

**(ဗဟိုသန်းခေါင်စာရင်းကော်မရှင်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဖင်(FM)အသံလွှင့်အစီအစဉ်

၁၈-၁၀-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အဘိဓမ္မာအခါတော်နေ့ သီလခံယူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် အဘိဓမ္မာအခါတော်နေ့ သီလခံယူပွဲ၊ ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များ (ဆွမ်းသိမ်းအောင်ပွဲ)နှင့် ရေစက်ချ အနုမောဒနာအခမ်းအနားကို အောက်တိုဘာလ ၁၇ ရက်တွင် ရွှေတိဂုံစေတီတော် ရင်ပြင်သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၅ နာရီတွင် ရင်ပြင်တော်တောင်ဘက်ရှိ ဧည့်ခံတန်ဆောင်း၌ (မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်)ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ် ဆွမ်းတော်ကြီး ကပ်လှူပွဲကိုလည်းကောင်း၊ နံနက် ၆ နာရီတွင် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကိုလည်းကောင်း ကျင်းပပြီး အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာအမေး၊ အဖြေများပြုလုပ်ခြင်းနှင့် ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နံနက် ၉ နာရီခွဲတွင် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များ (ဆွမ်းသိမ်းအောင်ပွဲ)နှင့် ရေစက်ချအခမ်းအနားကိုကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဧည့်ပရိသတ်အပေါင်းတို့က ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရ (မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်)ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးငွေလှိုင်က ဇယမင်္ဂလာ အနုမောဒနာစာတမ်းလွှာအား ဖတ်ကြားလျှောက်ထားခြင်း၊ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ပြီးနောက် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဝိနယ+ဒီဃနိကာယပါဠိပါရဂူ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂိတထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ဝန်းရံခ**

# ခင်ဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ဧက ၇၅၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ခင်ဦး အောက်တိုဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ဧက ၇၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ခင်ဦးမြို့နယ်၌ မိုးကြိုပဲတီစိမ်း၂၁၉၁၆ ဧကနှင့် မိုးပဲတီစိမ်း ၆၃၂၂၅ ဧက စုစုပေါင်း ၈၅၁၄၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ မိုးကြိုပဲတီစိမ်း ၁၅၅၅၃ ဧကနှင့် မိုးပဲတီစိမ်း ၆၀၂၇၇ ဧက စုစုပေါင်း ဧက ၇၅၈၃၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ဧက ၈၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲတီစိမ်း ဧက ၇၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေနဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်ကပြောသည်။

ယခုနှစ်တွင် ခင်ဦးမြို့နယ်၌ ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးရာ၌ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

> **"ဦးရယ် ရှင်းရှင်းပြောရရင် လူဆိုတာ အလုပ်လုပ်ဖို့ လူဖြစ်လာကြတာပဲဗျ၊ ရည်မှန်းချက်ကိုယ်စီနဲ့ ရပ်တည်နေကြတာလေ။ အဲဒီရည်မှန်းချက်ကိုရောက်ဖို့အတွက် ကျွန်တော်တို့ ထိုင်နေလို့မရဘူး။ ကိုယ့်ဘဝပြေးလမ်းအဆင်ပြေရေးအတွက် အထောက်အကူပေးဖို့ ပိုက်ဆံလိုတယ်။ ဒါကြောင့် ဦးတို့၊ ကျွန်တော်တို့ ပိုက်ဆံရဖို့အတွက် သမ္မာအာဇီဝနည်းလမ်းတွေနဲ့ ခုလိုပဲ ကြံဖန်အလုပ်လုပ်ရတာပေါ့ဗျာ. . ."**

**ယမန်နေ့မှအဆက်**

"ဒီမှာ ဦးပြောပြမယ်၊ ဒီရွာမှာ ဖြူးထင်းခုတ်ခိုင်းရင်တော့ ရနိုင်တယ်၊ ခရီးတစ်ခေါက်စာအတွက် တစ်ပတ်ဆယ်ရက်ကြာမယ်"

"ရတယ် ဦး၊ ထင်းခုတ်သားတွေနဲ့ညှိပြီး ထင်းရနိုင်လောက်တဲ့ ရက်ပိုင်းလောက်မှ ကျွန်တော်လာသယ်ပါ့မယ်"

ကျားခိုက်ရွာသား၏ အပြောတွင် ကျွန်တော့်သဘောထားကိုပါ ပြောပြဖြစ်လိုက်သည်။

"ဒီလိုတော့ရှိတယ်၊ ဦးမှာ ခု သားမြင်ခဲ့တဲ့ မဒမရိုးဟာ ခရီးတစ်ခေါက်စာရှိတယ်၊ ဦးတို့ဆီမှာ ပစ္စည်းသယ်ဖို့ လှေကလည်း အဆင်သင့်မရှိတော့ ဒီအတိုင်းရှိနေတယ်"

"အဲဒါ ဦးရဲ့ထင်းလား၊ ဦးက ဘယ်လိုလုပ်ချင်တာလဲ"

"ငါကတော့ကွာ စိတ်ဝင်စားတဲ့သူရှိရင် ကုန်စပ်သွားချင်တယ်၊ ခု ဒီမှာ ငါအရင်းစိုက်ထားတာ တစ်ဝက်ရှင်းပေါ့ကွာ၊ နောက်မြို့ကိုသွားပြီးရောင်းတဲ့အခါ ကုန်ကျစရိတ်လည်း အတူခံကြတာပေါ့"

"အဲလိုဆို ဦးလေး ကျေနပ်တယ်ပေါ့"

"ကျေနပ်တာပေါ့"

"ဟုတ်ပြီ ဦးလေး၊ အဲလိုဆို ဦး မဒမရိုး (ကပိုင်ထင်း) တွေကို ကျွန်တော်ပဲ အစပ်ဝယ်လိုက်တော့မယ်၊ ဦးပစ္စည်းက အဆင်သင့်ဖြစ်နေတာလေ"

"ရတယ်လေကွယ်"

"ဟုတ်ပြီ အဲလိုဆို ကျွန်တော် ကုန်စပ်ဝင်မယ်ဗျာ၊ ဒါနဲ့ပြောရဦးမယ်၊ ကျွန်တော်တို့နှစ်ယောက် ဒီနေ့မနက်စာတောင် မစားရသေးဘူးဗျ၊ တစ်နေကုန်လှေလှော်လာရတာ၊ ပင်ပန်းလိုက်တာဗျာ"

"ဩော် ဒုက္ခပါပဲ၊ အဲဒါ ပွင့်ပွင့်လင်းလင်းပြောပေါ့သားရယ်"

"မိန်းမရေ ဒီမှာ ဧည့်သည်တွေအတွက် ထမင်းစီစဉ်ပါဦး"

အိမ်ရှင်လူကြီးသည် သူ့အမျိုးသမီးကိုပါ တစ်ဆက်တည်းပြောလိုက်သည်။

"ဦးကိုလည်း မှတ်ထားပါ၊ ဦးမိုးဖြူအောင်တဲ့၊ တို့အရပ်မှာက ဗ.က.ပ တွေကြီးစိုးတယ်၊ ဦးကိုလည်း သူတို့ ဒီရွာမှာ အုပ်ချုပ်ရေးတာဝန်ပေးထားတယ်"

ဦးမိုးဖြူအောင် ရိုးသားဖြောင့်စင်းသူဖြစ်ကြောင်း သူ့စကားတွေက သက်သေပြနေသည်။ သူ၏အမျိုးသမီးကလည်း မြန်သည်။ သိပ်တောင်မကြာ ထမင်းဟင်းချက်ပြုတ်ပြီးသွားရုံမက ခူးခပ်ပြီးသားပါဖြစ်နေပေတော့သည်။ ဦးမိုးဖြူအောင်တို့ လင်မယားတည်ခင်းသော ထမင်းဟင်းကို ကျွန်တော်တို့နှစ်ယောက် ဗိုက်ဆာဆာနှင့် တော်တော်စားပစ်လိုက်ကြသည်။

"ကျွန်တော်လည်း ရွာမှာဆို တွဲဖက်အလယ်တန်းပြဆရာပဲ၊ စေတနာဆရာပေါ့ဗျာ၊ ဆယ်တန်းတော့ ဖြေထားတယ်ဗျ၊ ခုနွေရာသီအားနေလို့ ခရီးတစ်ခေါက်သော်လည်း ရမလားလို့ ကြံဖန်ထွက်လာတာဗျ"

"ဦးရယ် ရှင်းရှင်းပြောရရင် လူဆိုတာ အလုပ်လုပ်ဖို့ လူဖြစ်လာကြတာပဲဗျ၊ ရည်မှန်းချက်ကိုယ်စီနဲ့ ရပ်တည်နေကြတာလေ။ အဲဒီရည်မှန်းချက်ကို ရောက်ဖို့အတွက် ကျွန်တော်တို့ ထိုင်နေလို့မရဘူး။ ကိုယ့်ဘဝပြေးလမ်း အဆင်ပြေရေးအတွက် အထောက်အကူပေးဖို့ ပိုက်ဆံလိုတယ်။ ဒါကြောင့် ဦးတို့၊ ကျွန်တော်တို့ ပိုက်ဆံရဖို့အတွက် သမ္မာအာဇီဝနည်းလမ်းတွေနဲ့ ခုလိုပဲ ကြံဖန်အလုပ်လုပ်ရတာပေါ့ဗျာ"

"ဆရာက ကျောင်းဆရာလို့မပြောရဘူး၊ အပြောကောင်းတယ်ဗျာ၊ ဆရာပြောသလိုပဲ ကျွန်တော်တို့ဟာ ဘဝရပ်တည်ရှင်သန်ဖို့ ကိုယ့်ဒေသ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လက်လှမ်းမီတာလေးနဲ့ပဲ ရပ်တည်မှုရှာကြတာပဲ မဟုတ်လားဗျာ"

"ပြောရရင် ကျွန်တော်တို့နှစ်ယောက် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့နေကြခြင်းဟုဆိုက မှားမတဲ့လား"

ကျွန်တော် ဦးမိုးဖြူအောင် ထင်းချောင်းတွေအတွက် ကျသင့်ငွေတစ်ဝက်ကို စရန်အဖြစ်ပေးလိုက်သည်။ ဦးမိုးဖြူအောင်၏ ရိုးသားမှုကိုကြည့်ပြီး ကျွန်တော်ကျေနပ်သွားခဲ့သည်။

● ● ● ● ● ● ●

ကျွန်တော်တို့ ကျားခိုက်ရွာမှာပဲ တစ်ညအိပ်ဖြစ်လိုက်ကြသည်။ နောက်တစ်နေ့မှာ မနက်စာကို ကျားခိုက်ရွာမှာစားပြီး ညနေစာအတွက် ထမင်းကို ဦးမိုးဖြူအောင်ကိုယ်တိုင် ငှက်ပျောဖက်နှင့်ထုပ်ပေးလိုက်သည်။ ထမင်းထုပ်ထဲတွင် ငါးခြောက်ဖုတ်နှင့် ခရမ်းသီးချက်ပါသည်ဟုပြောသည်။ ကျွန်တော့်မှာ ငါးရှာပိုက်ချရင်း ဒီလိုအခက်အခဲတွေ့ကြုံခဲ့ပေါင်းများ၍ သိပ်အဆန်းတော့မဟုတ်ပေ။ သောက်ရေအိုးမှာတော့ ရေအပြည့်ဖြည့်လာခဲ့သည်။ လာလမ်းအတိုင်း ကျားတေမြစ်ကို စုန်ဆင်းသည်၊ ကျောင်ပဒေါင်းမြစ်(ရှူးမြစ်)ကိုဖြတ်သည်။ မညှင်းပွန်ကိုကျော်သည်။ တောင်ဆီးမြစ်ကို စုန်ဆင်းသည်။ ငန်းတောင်မြစ်ကိုဆန်တက်သည်၊ ဒိုးတန်းပွန်ကို ဖြတ်ကျော်သည်။ ရွာချောင်းကြီးကို ဆန်တက်သည်။ မနက်မိုးလင်းခါနီးတွင် သရက်တောင်ရွာသို့ ပြန်လည်ရောက်ရှိခဲ့ပါလေပြီ။ ရောမခရီးကြမ်းပါပဲ။ ကျွန်တော့်ပြေးလမ်းမှာ နုနုကြမ်းကြမ်းမဟုတ်ဘဲ ကြမ်းကြမ်းတမ်းတမ်းခရီးလမ်းပဲဖြစ်ပေသည်။ သို့သော် ဒီခရီးစဉ်သည်ကား ခရီးတစ်ခုလုံး၏ သုံးပုံတစ်ပုံခန့်ပဲရှိသေးသည်ဟုဆိုရပေမည်။

ကျွန်တော်သည် နောက်တစ်နေ့မှာပဲ ရွာမှာ ကုန်တင်လှေရှိသည့် လှေပိုင်ရှင်ဆီသို့သွားလိုက်သည်။ သူနှင့်လိုရင်းကိုပြောကြည့်ရာ သူ့လှေအားနေကြောင်းပြောသည်။ ကျွန်တော် ရွာပြန်ရောက်လို့ ငါးရက်မြောက်နေ့မှာပဲ ခရီးစဉ်အတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများနှင့် ခရီးတစ်ခေါက်ပြန် စားရေရိက္ခာပါထည့်ပြီး ကျွန်တော်တို့ ခရီးစတင်ထွက်ခွာခဲ့ကြလေပြီ။

ကျွန်တော်တို့ ကုန်တင်လှေတွင် ပဲ့ကိုင်တစ်ယောက်ခေါ်ပြီး ခတ်တက်စင် လေးစင်တွင် တက်ခတ်သားနှစ်ယောက်ကို အငှားခေါ်ယူလာကာ ကျွန်တော်က ခတ်တက်တစ်ချောင်းဝင်ခတ်သည်။ နောက်တစ်ချောင်းအတွက် တက်ခတ်သားကို ထင်းပိုင်ရှင် ဦးမိုးဖြူအောင်အတွက် ချန်ထားသည်။ ဤသို့ ကုန်တင်လှေများတွင် တက်ခတ်ရခြင်းမှာ ကျွန်တော် ပိုက်ချမှုားချခဲ့တုန်းက တက်ခတ်ခဲ့သော တက်ခတ်ပုံမျိုးမဟုတ်ပေ။ လှေဦးပိုင်းကိုကျောခိုင်းကာ မတ်တတ်ရပ်လျက်ပဲ ရှေ့တိုးနောက်လှန် တက်ခတ်ရသည်။ ရေထဲသို့တက်ချလျှင် တစ်ချိန်တည်းပြိုင်တူကျအောင် ချကြရသည်။ ခတ်တက်ရွက်အဖျားကို ရေထဲတွင် ယက်ကန်ထုတ်ပြီး နောက်ပြန်ပဲ ညီတူလှန်ဆွဲရသည်။ ပိုက်လှေတွေမှာတော့ ခတ်တက်နှစ်ချောင်းပဲရှိသည်။ တက်ခတ်လျှင်လည်း ထိုင်လျက်ပဲ ခတ်ရသည်။

ကျွန်တော်တို့သည် အမ်းမြို့နယ်သို့ ပထမအချီသွားတုန်းကလို ရေကောင်းချိုင်ရွာသို့ ဝင်စရာမလိုတော့ချေ။ တောင်ဆီးမြစ်ကနေ မညှင်းပွန်သို့ တောက်လျှောက်တက်ခတ်လျက်ပဲ ဝင်သွားလိုက်ကြသည်။ မညှင်းပွန်ချောင်းအတွင်း တက်ခတ်လျက်သွားနေစဉ် တောင်ခြေတစ်ခု၌ လူတစ်ယောက်သည် ကျွန်တော်တို့လှေကို ရှေ့ဆက်မသွားရန် လက်ကာပြပြီး တားသည်။ သူ့တွင် စစ်အင်္ကျီကို ဝတ်ထားပြီး သေနတ်လွယ်ထားသည်။ အဲဒီလူက "လှေတာဝန်ခံလာခဲ့ပါ"ဟု လက်ယပ်ခေါ်ပြီးပြောသည်။ ကျွန်တော် ရင်ထိတ်သွားသည်။ အန္တရာယ်တစ်ခုခုတွေ့ပြီဟု ကျွန်တော်သိလိုက်သည်။ ကျွန်တော် စတော်လှေကလေးနဲ့ပဲ သူရပ်နေသည့် ကမ်းစပ်သစ်ပင်အောက်သို့ လှော်သွားလိုက် သည်။ (စတော်လှေဆိုသည်မှာ လှေသမ္ဗန်ကြီး၊ မော်တော်ကြီးများ မြစ်တွင်း၊ ချောင်းတွင်းသွားနေစဉ် ကမ်းခြေသို့ လှော်ခတ်သွားလာဖို့အတွက် အသုံးပြုသော လှေငယ်ဖြစ်သည်။)

**ဆက်လက်ဖော်ပြပါမည်။**

---

## သီတင်းကျွတ်လပြည့်နေ့တွင် ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့်စည်ကားလျက်ရှိ

ကျောက်ဆည် အောက်တိုဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ သင်တောင်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးတွင် တည်ရှိသော ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၌ နေ့စဉ် ဘုရာဖူးပြည်သူများလာရောက်လျက်ရှိပြီး သီတင်းကျွတ်လပြည့်နေ့တွင် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားသည် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့ပြီး ရှင်အရဟံ သိမ်သမုတ်ခဲ့သော ဘုရားတစ်ဆူဖြစ်သည်။ အဆိုပါဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားတွင် အုန်းပွဲ၊ ငှက်ပျောပွဲ၊ ကန်တော့ပွဲများ၊ ပန်းနံ့သာများဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည်တို့ အောင်မြင်စေရေး သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားတွင် ဘုရားဂေါပကအဖွဲ့ဝင်များက ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းကူညီပေးလျက်ရှိပြီး မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များ ထားရှိရန် ထိန်းသိမ်းစောင့်ရှောက်ပေးသည့်နေရာများကိုလည်း စနစ်တကျစီစဉ်ပေးထားကာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

---

## မိတ္ထီလာမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ ၅၁၇၈ ဧက စိုက်ပျိုးပြီးစီး

မိတ္ထီလာ အောက်တိုဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ ၇၉၈၆ ဧကလျာထားစိုက်ပျိုးလျက်ရှိရာ ၅၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝါတိုးချဲ့စိုက်ပျိုးရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီပြီး အထွက်နှုန်းတိုးသည့်ဝါမျိုးများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ယခုဘဏ္ဍာနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ ၇၉၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လမှ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးလျက်ရှိရာ မိတ္ထီလာမြို့နယ်အတွင်း မိုးနှောင်းချည်မျှင်ရှည်ဝါ ၅၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်-၈ ၊ ရွှေတောင်-၁၀ နှင့် B-31 ဝါမျိုးများကို စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧကများအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ အင်းကျေးရွာအုပ်စုနှင့် ရေချိုကျေးရွာအုပ်စုတို့တွင် မိုးနှောင်းချည်မျှင်ရှည်ဝါမျိုးဖြစ်သည့် B-31 ကို ဧက ၁၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

(၆၀၂)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မပြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲပြုလုပ်



ဆရာတော်၊ သံဃာတော်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အလှူရှင်များက အရဏ်ဆွမ်းဆက်ကပ်လောင်းလှူစဉ်။



သံဃာတော်အရှင်သူမြတ်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



တောင်ကြီးမြို့၌ ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက အရဏ်ဆွမ်းဆက်ကပ်လောင်းလှူစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့သည် ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ သံဃာတော်များနှင့်သာသနာ့နွယ်ဝင်သီလရှင်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလောင်းလှူခြင်းများကိုပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်၊ ထို့နောက်တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် ဝါဆိုသင်္ကန်းများကို သတ်မှတ်နေရာအသီးသီးမှ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

ယင်းနောက်တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ


















နေပြည်တော်   အောက်တိုဘာ ၁၇

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ **အခြေခံပညာအဆင့်(အသက်၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆီးနှင်းပြိုက်ကျ” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြိုင်ဟေမာ”(ယိုးဒယား) သီချင်းဖြင့် လည်းကောင်းယှဉ်ပြိုင်ကြသည်။

**“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “ယောက်ျားဆုပန်”သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“သန္တာဦးစ” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာ အသုံးပြု၍ ကကြိုးကကွက် စုံလင်စွာဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာအကအလှများကို ပေါ်လွင်စေသည့် ကကြိုးကကွက်များဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြရာ လာရောက်ကြည့်ရှုအားပေးကြသည့် အနုသုခုမပညာရပ်ကို စိတ်ဝင်စားကြသော ပြည်သူများဖြင့် စည်ကားခဲ့သည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု

**စာမျက်နှာ ၇ သို့ ⏭**

⏭ စာမျက်နှာ ၆ မှအဆက်

ရတနာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်မာ့ရိုးရာအမွေအလှတိုးပြာစေ” ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “အောင်မင်္ဂလာ”(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “မော်ရုံဟေဝန်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**တယောအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စိန်ကြောင်နီလာ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က “စိန်ကြောင်နီလာ” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မှန်ရဝေ”(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မှန်ရဝေ” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပလွေပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ယမုံနာ”(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “ဖေယျာမြို့” (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျွန်းကျွန်းပိုင်သ” (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကြံကြံဖန်ဖန်”(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “လှဲ့လှဲ့စိမ်းရောင် ” (ကြိုး)သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက် အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲ**တွင်“ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သီရိဟံသာ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းမြို့ဂုဏ်ရည်ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒေါက်တာဘန်ရွှေနှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးတွင် “မျိုးချစ်စိတ်ဓာတ်နှင့်ဇာတိသွေးဇာတိမာန်ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့်အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်းစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှကာကွယ်တားဆီးရေး”ဆိုသည့် မူဝါဒရည်မှန်းချက်များချမှတ်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသားအားလုံးပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့်အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၀-၂၀၂၄(သောကြာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၇:၄၅ မြန်မာသံစဉ်ချိုနားဝင်
၅။ ၁၀:၅၀ ကျန်းမာသုတ
၆။ ၁၁:၅၀ မြန်မာ့လက်သံ
၇။ ၁၆:၀၆ တစ်ပတ်အတွင်း စာပေနှင့် အနုပညာသတင်း
၈။ ၁၉:၀၀ **(၃၈) ဖြာမင်္ဂလာ ကတညုတာ**

## အောက်တိုဘာလ ၂၂ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ အောက်တိုဘာလ ၂၀ ရက်တွင် လေဖိအားနည်းဆဲလ်တစ်ခုဖြစ်ပေါ်နိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျား၍ ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ အောက်တိုဘာလ ၂၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၀-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၀၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၃၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၀၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်**။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မျက်စိနာနှင့်ဆေးနည်းကောင်းများ

မိုးရွာသောအခါ မြေကြီးအတွင်းမှ အပူများသည် အငွေ့ပြန်၍ထွက်လာသည်။ မိုးရေထဲတွင် သွားလာနေကြသူများမှာ ခြေထောက်ရေစို၍ အပူငွေ့အပေါ်တက်ကာ မျက်စိသို့အခိုးရောက်ပြီး မျက်စိနာခြင်းဖြစ်သည်။

အနောက်တိုင်းအယူအဆအရ မျက်စိနာခြင်းသည် ပိုးကြောင့်ဖြစ်သည်။ တိုင်းရင်းဆေးအယူအဆတွင် ခြေဖဝါးအအေးပတ်လျှင် အခိုးပိတ်ပြီး အထက်ဆန်သဖြင့် ခြေဖဝါးမှထွက်ရမည့်အခိုးအငွေ့မှာ မျက်စိမှ ကန်ထွက်ခြင်းကြောင့် မျက်စိသွေးကြောများနီရဲ ကာ မျက်စိနာရခြင်းဖြစ်သည်။

တိုင်းရင်းမြန်မာ အကြောပြင်ပညာအယူအဆတွင် မဏိဥက္ကာပ်ခေါ် အကြောခွေသည် မျက်စိအတွင်းနှာခေါင်းရင်းဘက်တွင်ရှိပြီး ယင်းအကြောခွေမှ မျက်ရည်ထွက်ပေါက်နှင့် အငွေ့ထွက်ပေါက်များရှိသည်။ အပူအခိုးကန်၍ ထွက်ပေါက်ပိတ်သွားသောအခါ မျက်စိအတွင်းမှ အကြောများရောင်ပြီး မျက်သားတက်ကာ မျက်စိနာခြင်းဖြစ်သည်။

မျက်စိနာ ချောင်ပို့ဟူသော မြန်မာစကားရှိသည်။ အဓိပ္ပာယ်မှာ မျက်စိနာသူသည် မှောင်ရိပ်ကျသော ချောင်တွင်နေရမည်။ အလင်းရောင်ကိုမကြည့်ရ။ အလင်းတုံ့ပြန်သောနေရောင်၊ မီးရောင်များကိုမကြည့်သင့်။ တီဗွီကြည့်ခြင်းကို နားထားသင့်သည်။ အလင်းရောင်ကာကွယ်သော နေကာမျက်မှန်ကိုတပ်ဆင်သင့်သည်။ မျက်စိဆရာဝန်ကြီးများ၏ညွှန်ကြားချက်မှာ မျက်စိကို အပြင်မှကြည့်လျှင် မမြင်ရသော နေကာမျက်မှန်မှာ အကောင်းဆုံးဖြစ်သည်။

မျက်စိနာလျှင် မျက်စိအတွင်းရှိသွေးကြောလေးများရောင်သဖြင့် နီရဲပြီးယားယံခြင်းဖြစ်တတ်သည်။ ယား၍ပွတ်မိလျှင် မျက်ကြည်လွှာ (အနက်ရောင်) ပျက်စီးတတ်သဖြင့် မပွတ်မိရန်လိုသည်။ တစ်သျှူးဖြင့်ပွတ်ခြင်းလည်း မပြုလုပ်သင့်ပါ။ တစ်သျှူးတွင် ကြမ်းရှသောမျက်နှာပြင်ရှိသည်။ အသားချောသော လက်ကိုင်ပဝါ၊ အမွေးပွသော မျက်နှာသုတ်ပဝါငယ်ဖြင့် အပေါ်မှအုပ်၍တို့ပေးခြင်းသာ အကောင်းဆုံးဖြစ်သည်။ ဖြစ်နိုင်လျှင် ကြွေဇလုံတစ်ခုတွင် ရေနွေးအပူ ခွက်ဘူးငယ်တစ်လုံးစာထည့်ပါ။ ယင်းထဲသို့ ဆားဇွန်းငယ်တစ်ဇွန်းထည့်ဖျော်ပါ။ ဆားခါးထည့်လျှင် ပို၍ကောင်းသည်။ ယင်းရေနွေးအတွင်းသို့ မျက်နှာသုတ်ပဝါကိုထည့်စိမ်ပြီး (ရေနွေးနွေးဖြစ်မှ စိမ်ပါ) မျက်နှာသုတ်ပဝါကို ရေစင်အောင်ညှစ်ပါ။ ယင်းမျက်နှာသုတ်ပဝါဖြင့် မျက်စိနာနေသော မျက်ခွံပေါ်တွင် အုပ်ပေးပါ။ ခြောက်သွေ့သွားလျှင် တစ်ဖန် ဆားရည်နွေးဇလုံတွင် ပြန်စိမ်ကာ ရေညှစ်ပြီး အုပ်ပေးပါ။ မျက်စိအရောင် ကျသွားပါလိမ့်မည်။

ဆားရည်ကြည်သည် မျက်စိနှင့်သင့်ကြောင်း ရှေးကတိုင်းရင်းဆေးကျမ်းများတွင် ဖော်ပြထားသည်။ မျက်စိမှာရေ၊ နားမှာဆီ၊ ဒန္တီမှာဆား၊ ဝမ်းမှာခါးဟူသောစာနှင့်အညီ ဆားအနည်းငယ်မျှကို ရေတွင်ဖျော်ပြီး ပျော်ဝင်ရည်၏အရည်ကြည်ကိုယူကာ မျက်စိတွင်ခတ်ပေးခြင်းဖြင့် မျက်သားအရောင်ကို ကျစေနိုင်သည်။ ဆားကိုဖျော်သောရေ သန့်ရန် လိုအပ်သည်။ ကန်ရေ၊ တွင်းရေ၊ ချောင်းရေကိုမသုံးဘဲ ဆူပြီးရေနွေးကို အအေးခံထားသော ရေကျက်အေးနှင့်ဖျော်ခြင်းသာ အကောင်းဆုံးဖြစ်သည်။ ယခုခေတ်တွင် သောက်ရေသန့်ဘူးများတွင်ပင် အနည်ပါတတ်သဖြင့် စိတ်မချရပါ။ ဆူပွက်ပြီးသားရေနွေး၏ ရေကျက်အေးကသာ စိတ်အချရဆုံးဖြစ်သည်။

"မျက်စိနာလျှင် မျက်စိအတွင်းရှိ သွေးကြောလေးများရောင်သဖြင့် နီရဲပြီး ယားယံခြင်းဖြစ်တတ်သည်။ ယား၍ပွတ်မိလျှင် မျက်ကြည်လွှာ (အနက်ရောင်)ပျက်စီးတတ်သဖြင့် မပွတ်မိရန်လိုသည်။ တစ်သျှူးဖြင့်ပွတ်ခြင်းလည်း မပြုလုပ်သင့်ပါ။ တစ်သျှူးတွင် ကြမ်းရှသော မျက်နှာပြင်ရှိသည်။ အသားချောသော လက်ကိုင်ပဝါ၊ အမွေးပွသော မျက်နှာသုတ်ပဝါငယ်ဖြင့် အပေါ်မှအုပ်၍တို့ပေးခြင်းသာ အကောင်းဆုံးဖြစ်သည်. . ."

လက်တွေ့တစ်နည်းမှာ ဆားအနည်းငယ်ကို ရေကျက်အေးဖြင့်ဖျော်ပြီး အအေးခံ၍ မျက်စိတစ်လုံးဝင်ဆံ့သည့်ကိုင်းခွက်ငယ်တွင်ထည့်ကာ ယင်းခွက်အတွင်းသို့မျက်နှာအပ်ကာ မျက်စိကိုဆားရည်အတွင်း ဖွင့်၊ ပိတ်၊ ဖွင့်၊ ပိတ်လုပ်ပေးခြင်းဖြစ်သည်။ ကျွန်တော်၏အိမ်တွင် သားသမီးလေးယောက်စလုံး တစ်ပြိုင်တည်း မျက်စိနာကြသည်။ အနောက်တိုင်းမျက်စဉ်းဆေးဝယ်ခတ်သူများမှာ ပျောက်ကင်းသော်လည်း ရက်ကြာသည်။ အထက်တွင်ဖော်ပြခဲ့သည့် နည်းအတိုင်း ရေကျက်အေးခွက်ငယ်တွင် ဆားရည်ကြည်ထည့်၍ မျက်စိဖွင့်၊ ပိတ်ပြုလုပ်သည့် သမီးငယ်မှာ နှစ်ရက်အကြာတွင် နီရဲခြင်းပျောက်သွားသည်မှာ လက်တွေ့ဖြစ်သည်။

တခြားတိုင်းရင်းဆေးနည်းတစ်ခုမှာ စာရေးသူ မန်းတောင်ခြေရှိ တိုင်းရင်းဆေးသိပ္ပံတွင် တက်နေစဉ် ၁၉၈၀ ပြည့်နှစ်ခန့်က မိုးကြီးရွာပြီး မျက်စိနာကြသည်။

တိုင်းရင်းဆေးသိပ္ပံဆေးရုံမှ သမားတော်ဆရာကြီးတစ်ဦးက ရှားစောင်းလက်ပပ်ပင်၏အနှစ်ကိုယူပြီး အနေတော်အတုံးကလေးများပြုလုပ်ကာ မျက်ခွံပေါ်တွင်အုပ်ခိုင်းရာ မျက်စိနာသူ ကျောင်းသား၊ ကျောင်းသူအားလုံးသက်သာကြသည်။

တခြားထူးခြားသောမျက်စဉ်းတစ်ခုမှာ မိခင်နို့ရည်ကို မျက်စဉ်းအဖြစ်ခတ်ခြင်းဖြစ်သည်။ ထိုနည်းမှာ နို့တိုက်နေသောမိခင်တစ်ဦးထံမှ နို့ရည်ကို လက်ဖက်ရည်ပန်းကန်ဖြင့်ခံ၍ မျက်စဉ်းခတ်ပိုက် သို့မဟုတ် မင်စုပ်ပိုက်အသုံးပြု၍ နို့ရည်ကိုမျက်စဉ်းခတ်ပေးခြင်းဖြစ်သည်။ နို့ရည်သည် အလွန်အေး၍ မျက်စိနာခြင်းကို လျင်မြန်စွာသက်သာစေသည်။

မြန်မာ့ရိုးရာအိမ်သုံးဆေးနည်းဖြစ်သည့် သနပ်ခါးမြစ်၊ မန်ကျည်းခေါက်၊ သီးခေါက်၊ ကျားမနိုင်မြစ်များကိုသွေးပြီး မျက်စိကွင်းပေးခြင်းဖြင့် မျက်စိအရောင်ကျစေနိုင်သည်။

တိုင်းရင်းဆေးအယူအဆတွင် ညှော်နံ့ကိုလည်း အဓိကထားသည်။ ငရုတ်သီးညှော်၊ အမှိုက်မီးရှို့သောအနံ့များရှူရှိုက်မိလျှင် မျက်စိနာကိုပိုဆိုးစေသဖြင့် သတိပြုရှောင်ကြဉ်သင့်သည်။ ထို့အတူ မီးခိုးလုံးများ၊ မီးခိုးငွေ့များရှိသောနေရာများသို့လည်း မသွားသင့်၊ မနေသင့်ပါ။ မီးခိုးငွေ့များ မျက်စိအတွင်းဝင်လျှင် မျက်စိအာရုံကြောများစပ်သဖြင့် အဖွင့်အပိတ်များပြီး မျက်စိသူငယ်အိမ်ကို ပို၍ရောင်စေနိုင်သည်။

မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ပြသခြင်းမဟုတ်ဘဲ မိမိသဘောနှင့်ဆေးအရောင်းဆိုင်များမှ မျက်စဉ်းများကိုဝယ်၍မခတ်သင့်ပါ။ မိမိနှင့် ခတ်မတည့်သောမျက်စဉ်းများကို မှားခတ်မိသဖြင့် မျက်စိကွယ်ရသူများရှိကြောင်း မျက်စိဆရာဝန်ကြီးများကိုယ်တိုင်ရေးသည်ကို ဖတ်ရှုဖူးသည်။ ထို့အတူ တိုင်းရင်းဆေးဟုဆိုကာ မိုးရေတွင် သွပ်၊ ဒန်၊ ဆေးဒန်း၊ တခြားဆေးမြစ်များစိမ်ထားသော မျက်စဉ်းဆေးများကိုခတ်မိသဖြင့် မျက်စိကွယ်ရသူများလည်းရှိသည်။ တိုင်းရင်းဆေးဆိုတိုင်း အန္တရာယ်မရှိဟု မထင်ပါနှင့်။ ရောင်းတမ်းဆေးများကြောင့် အမှားများစွာတွေ့ကြုံရသဖြင့် တိုင်းရင်းဆေးပညာဦးစီးဌာန ဗဟိုဆေးဝါးကြီးကြပ်မှုအဖွဲ့မှ စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုထားသော ခွင့်ပြုချက်လိုင်စင် ယာယီမှတ်ပုံတင်နံပါတ်ပါရှိသောဆေးဝါးများမှလွဲလျှင် ဝယ်ယူသုံးစွဲခြင်းမပြုပါနှင့်။

မျက်စိအဆုံး၊ နားအရှုံးဟုအဆိုရှိသဖြင့် မျက်စိကွယ်လျှင် အလွန်ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်ပါသည်။ သာမန်မျက်စိနာရာမှ ပေါ့ဆမှုကြောင့် ကွယ်ရသည်အထိမဖြစ်စေရန် မျက်စိနာလျှင် အရမ်းမပွတ်ပါနှင့်။ မျက်စဉ်းများကို (ဆရာဝန်ကြီးများ ညွှန်ကြားချက်မရှိဘဲ) မခတ်ပါနှင့်။ ညှော်၊ မီးခိုးများကိုရှောင်ပါ။ စူးရှသောနေရောင်၊ အလင်းရောင်တွင် မနေပါနှင့်။ တီဗွီမကြည့်ပါနှင့်။ ကြည့်လျှင် နေကာမျက်မှန်အမည်းရောင်တပ်ကြည့်ပါ။ အသီးအနှံကို ပို၍စားပါ။ အသားစားခြင်းကိုရှောင်ပါ။ အသားစားလျှင် မျက်စိပို၍ယားစေသည်။ အပူအစပ်နှင့်မဆလာပါသောအစာများကိုရှောင်ပါ။ မျက်စိကိုရောင်စေသည်။ နေအိမ်အပြင်ဘက်မထွက်ပါနှင့်။ ဆိုင်ကယ်မစီးပါနှင့်။ လေတိုက်လေတိုးလျှင် မျက်စိပို၍ရောင်တတ်သည်။ ဆားရည်ကြည်ခတ်ခြင်း၊ ဆားရည်ငွေ့ပါသော မျက်နှာသုတ်ပဝါဖြင့် အုပ်ခြင်းကိုပြုလုပ်ပါ။ တစ်နေ့သုံးကြိမ်ခန့်ပြုလုပ်လျှင် လုံလောက်ပါသည်။

ယခုခေတ်တွင် တန်ဖိုးကြီးသောအနောက်တိုင်းမျက်စဉ်းဆေးများကို ဆေးအရောင်းဆိုင်များတွင် ရောင်းချနေပါသည်။ မျက်စိအထူးကုဆရာဝန်ကြီးများ၏ ခွင့်ပြုချက်မရှိဘဲ အသုံးမပြုသင့်ပါ။ စာရေးသူရေးသားခဲ့သော တိုင်းရင်းဆေးနည်းများမှာ လွယ်ကူ၍ အန္တရာယ်ကင်းပြီး ငွေကုန်ကြေးကျသက်သာသဖြင့် မျက်စိနာသူများအသုံးတည့်စေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ကြည်လွင်မြင့်(မုဒြာ)

## မန္တလေးမြို့၌ SCATS မီးပွိုင့်ပေါင်း ၆၅ ခုအထိ တပ်ဆင်ထား

မန္တလေး အောက်တိုဘာ ၁၇

မန္တလေးမြို့၌ SCATS မီးပွိုင့်များကို ပထမဆုံးတပ်ဆင်အသုံးပြုခဲ့ရာ ယခုအခါ SCATS မီးပွိုင့်ပေါင်း ၆၅ ခုအထိ တပ်ဆင်ထားပြီးဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ သိရသည်။

နိုင်ငံပေါင်း ၁၆၈ နိုင်ငံခန့်တွင် အသုံးပြုသော SCATS မီးပွိုင့်များကို မန္တလေးမြို့၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မီးပွိုင့် ၁၁ ခုတွင် စတင်တပ်ဆင်ခဲ့ပြီး အဆိုပါ SCATS မီးပွိုင့်များကို မြန်မာတစ်နိုင်ငံလုံးတွင် မန္တလေးမြို့၌ ပထမဆုံးတပ်ဆင်အသုံးပြုခြင်းဖြစ်ကြောင်း၊ ယင်းနောက် ဘဏ္ဍာနှစ်အလိုက် ထပ်မံတိုးချဲ့တပ်ဆင်ခဲ့ရာ ယခုအခါ မန္တလေးမြို့၌ SCATS မီးပွိုင့်ပေါင်း ၆၅ ခုအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

"SCATS မီးပွိုင့်မှာဆိုရင် Input နဲ့ Output ပါတယ်။ Input အပိုင်းမှာ Sensor တွေပါပြီးတော့ အဲဒီ Sensor တွေကနေ ယာဉ်အစီးရေကို ရေတွက်ပြီး Output ကနေ Traffic Delay Time ကို အလိုအလျောက် သတ်မှတ်ပေးပါတယ်။ ဒီစနစ်ကိုအသုံးပြုတာက မော်တော်ယာဉ်တွေအနေနဲ့မလိုအပ်ဘဲ မီးပွိုင့်မှာ အချိန်အကြာကြီး စောင့်ရတာမျိုး ကင်းဝေးစေပါတယ်" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ Sub Assistant Engineer ဒေါ်သီရိနိုင်ကပြောသည်။

အဆိုပါ SCATS မီးပွိုင့်များကို မန္တလေးမြို့ရှိ အဓိကလမ်းဆုံများ၊ ယာဉ်ကြောကျပ်တည်းသောနေရာများ၌ တပ်ဆင်ထားပြီး သိပ္ပံလမ်း၊ ၇၈ လမ်း၊ လမ်း ၃၀၊ ၃၅ လမ်းနှင့် ၂၆ လမ်းတစ်လျှောက်တွင် SCATS မီးပွိုင့်များ၏ အလိုအလျောက် ထိန်းချုပ်စနစ်များကြောင့် ယာဉ်ကြောကျပ်တည်းမှုများ သိသာစွာလျော့ကျလာကြောင်း သိရသည်။



ဆောင်းဦး

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကျင်းပ



**ကျိုက်ထို အောက်တိုဘာ ၁၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီရင်ပြင်တော်၌ကျင်းပသည်။

ရှေးဦးစွာ ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအား မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယဆရာတော် ၁၁ ပါးက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကာ စေတီတော်မြတ်ကြီးအား ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို နမောတဿသုံးကြိမ်ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ (အကျိုးတော်ဆောင်)ဘုရားသုံးဆူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ ဉာဉ့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်၍ ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်ပေးကာ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဘုရားဖူးပြည်သူများက သံဃာတော်များအားဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား လောင်းလှူကြကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

# အမျိုးသားအားကစားပွဲတော်တွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားသမားများ စခန်းသွင်း လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

**ရွှေတောင် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ သရက်တောရပ်ကွက် မြို့နယ်အားကစားကွင်း၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအားကစားနည်းနှင့်ခရစ်ကက်အားကစားနည်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေကို အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်တို့သည် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်တို့က အားကစားသမားများ၏ စခန်းသွင်း လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးရာ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြခိုင်နှင့်မြို့နယ်ဦးစီးမှူး ဒေါ်ခင်နုနုဖြိုးတို့က ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ပိုက်ကျော်ခြင်းအားကစား သမား အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၂ ဦး၊ အုပ်ချုပ်/နည်းပြ ခြောက်ဦး၊ ခရစ်ကက် အားကစားသမား အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၂၀ ဦး၊ အုပ်ချုပ်/နည်းပြ ခြောက်ဦး စုစုပေါင်း ၈၂ ဦးတို့အား အောက်တိုဘာလ ၁၀ ရက်မှစ၍ နိုဝင်ဘာလ ၃၁ ရက်အထိ ရက်ပေါင်း ၅၀ စခန်းသွင်းလေ့ကျင့်ပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အားကစားသမားများ စားသောက်နေထိုင်မှုအဆင်ပြေစေရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက အားကစားသမားများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ တည်းခိုနေထိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နံနက်စာကို အသားရောအသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။**

## မြန်မာ့အနုပညာ

➡ နှုတ်သံချိုချို၊ တေးဆိုပုံက  
လွမ်းထုံစိမ့်စမ်း၊ သိမ့်သိမ့်ဖျန်း၏  
ပွင့်ပန်းလိုပင်၊ နံ့သာဆင်၏  
မာန်ဝင်ဇာတိ၊ ဟိန်းဟောက်ဘိ၏  
တိတိ ရိရိ၊ သပ်ရပ်ရှိ၏  
ဂွမ်းထိစိမ့်မျှ၊ သံစုံလှသည်  
ဂီတ ထံတျာ တို့မြန်မာ။

➡ အက ပညာ၊ ကကြရာတွင်  
ပန်းကြာလိုလန်း၊ လရောင်ဖျန်းသို့  
ပွင့်ပန်းဖယောင်း၊ သွယ်နွဲ့ပြောင်းသို့  
ချောင်းချောင်းချီကာ၊ မြေထုလွှာသို့  
ပမာတိမ်သား၊ မာယာများလျက်  
အင်အားပြည့်ဝ၊ ကကြိုးလှသည်  
အကပန်တျာ တို့မြန်မာ။

➡ ဇာတကဆင်၊ ဇာတ်ကိုမြင်က  
သွန်သင်နိမိတ်၊ ဂုဏ်အဟိတ်ဖြင့်  
ပုံရိပ်ပြောကြား၊ ပန်းချီကားနှယ်  
မြေသားထွန်းသစ်၊ နှစ်လိုဖြစ်၏  
မိတ်စစ် မိတ်ကောင်း၊ ဇာတ်အကြောင်းကြောင့်  
ပြန်ပြောင်းတွေးဆ၊ ဆင်ခြင်ရ၏  
ည ည ကြည့်ရ၊ ပွဲစုံ ခ သည်  
ရွှန်းပစဉ်လာ တို့မြန်မာ။

➡ နုပညာစစ်၊ ရေသောက်မြစ်သည်  
ခေတ်ဆက်ဆက်တိုင်၊ တည်တံ့ခိုင်ခဲ့  
ယိမ်းယိုင်စိတ်ဓာတ်၊ ရှောင်ကြဉ်လတ်၍  
တစ်နေ့နေ့တွင်  
နှိုင်းယှဉ်မြင်ငြား၊ တစ်ပါးသားနှင့်  
ခြားနားယဉ်မှု၊ နားလည်ပြု၍  
ထုထုသမိုင်း၊ အပြိုင်းပြိုင်းကို  
မဆိုင်းမတွ၊ မြတ်နိုးကြသည်  
လှတဲ့မြန်မာ နုပညာ။ ။

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

# ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဦးခုတ်မွန်လျှန်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကြီးအင်းကုန်းကျေးရွာ၌ လမ်းအရှည် ၅၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသည့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမှတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာလုပ်ငန်းများကို သတ်မှတ်ကာလအတွင်းစံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပေးမှု၊ အနီးကပ်ကြီးကြပ်ပေးမှုတို့ဖြင့် ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ၃ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်တွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပါဝင်ဆင်နွှဲ




နေပြည်တော် အောက်တိုဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ မဟာအောင်ဗောဓိဂြိုလ်ရှစ်ခွင်ဘုရားတွင် ပန်း၊ ရေချမ်း၊ဆီမီးတို့ကပ်လှူပြီး ဆီမီး ၁၀၀၀ စုပေါင်းပူဇော်မှုတွင် ပါဝင်ထွန်းညှိပူဇော်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MRTV ပန်းခြံမုခ်ဦးနေရာတွင် ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သီတင်းကျွတ်မီးပုံပွဲကို မီးထွန်းညှိ၍ ဖွင့်လှစ်ပေးကာ ဝန်ထမ်းမိသားစုများနှင့်အတူ မီးပုံပွဲတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ရောက်ရှိမည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်အထိမ်းအမှတ်အဖြစ် မီးပုံးပျံ ၇၉ လုံးအား ဝန်ထမ်းမိသားစုများနှင့်အတူ လွှတ်တင်ပူဇော်ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီတင်းကျွတ်ပွဲတော်တွင် ခင်းကျင်းရောင်းချနေကြသည့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းဆိုင်များအား ကြည့်ရှုအားပေးကြသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ ဝန်ထမ်းမိသားစုများ၏ ဖျော်ဖြေတင်ဆက်မှုနှင့် သီတင်းကျွတ်အထိမ်းအမှတ် ဝန်ထမ်းများ တေးသီချင်းဆိုပြိုင်ပွဲမှ Top -5 ပြိုင်ပွဲဝင် ငါးဦး၏ သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။ အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် နာမည်ကျော်တေးသံရှင်ဖြစ်ကြသည့် ဦးသန်းထွန်းလေး၊ တက္ကသိုလ်လဲ့လဲ့နှင့် ဒေါ်ဆွေဆွေမြင့်တို့က ဆောင်ရွက်ကြပြီး ဆုရွေးချယ်မှုများနှင့်ပတ်သက်၍ အကဲဖြတ်မှတ်ချက်များ ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သီချင်းဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူ သုံးဦးအား ဆုများချီးမြှင့်ပေးအပ်ပြီး အကဲဖြတ်ဒိုင်သုံးဦးကို အမှတ်တရ လက်ဆောင် ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းမိသားစုများအား စတုဒိသာ လက်ဖက်ထမင်းပေးဝေပြီး ဝန်ထမ်းမိသားစုများ ပါဝင်ဆင်နွှဲနေကြသည့် ကစားနည်းများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် MRTV ပန်းခြံနှင့်ဆက်စပ်၍ အသစ်ဆောက်လုပ်ထားသည့်ကြိုးတံတားအားဖွင့်လှစ်၍ ဖြတ်သန်းကြည့်ရှုကြပြီး သီတင်းကျွတ်အထိမ်းအမှတ် ရောင်စုံမီးအလှများထွန်းညှိထားသည့် MRTV အဝင်မုခ်ဦး၊ မျှော်စင်အဝိုင်း၊ ပင်မအဆောက်အအုံနှင့် စိန်ရတုပြတိုက်တို့အား လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(သတင်းစဉ်)

## ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်မှုများအတွက် ရေကျနောက်စိုက်စပါးများနှင့် နွေစပါးများပိုမိုအားဖြည့်စိုက်ပျိုးမည်



ရန်ကုန် အောက်တိုဘာ ၁၇

နိုင်ငံတစ်ဝန်း ရေကြီးနစ်မြုပ်မှုကြောင့် စပါးစိုက်ပျိုးမှုများတွင် ထိခိုက်မှုတချို့ရှိခဲ့ရာ မကြာမီစိုက်ပျိုးမည့် ရေကျနောက်စိုက်စပါးများနှင့် နွေစပါးများကို ပိုမိုအားဖြည့်စိုက်ပျိုးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ရေကြီးနစ်မြုပ်မှုကြောင့် စုစုပေါင်း ထိခိုက်ခဲ့သော စပါးစိုက်ဧက ကိုးသိန်းခန့်ရှိသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ရေကြီးနစ်မြုပ်ခဲ့သည့် စပါးစိုက်ခင်းများနေရာ၌ သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့်စပါးမျိုးများ စိုက်ပျိုးနိုင်စေရန် ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းမှာ ရေကြီးရေလျှံမှုတွေကြောင့် စပါးစိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာလည်း ထိခိုက်မှုတချို့ရှိခဲ့တယ်။ ဒီလိုဖြစ်ခဲ့တာတွေအတွက် ရေကျနောက်စိုက်စပါးတွေနဲ့ အစားထိုးစိုက်ပျိုးသွားပါမယ်။ ဒီလကုန်လောက်ဆိုရင် ရေကျနောက်စိုက်စပါးတွေ စစိုက်မှာဖြစ်ပါတယ်။ နောက်ပြီး လာမယ့်နွေစပါးစိုက်ပျိုးရာသီမှာလည်း ပိုမိုအားဖြည့်ပြီးတော့ စိုက်ပျိုးဖို့စီစဉ်ဆောင်ရွက်သွားပါမယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

မြန်မာနိုင်ငံ၌ နှစ်စဉ် ဆန်တန်ချိန် ၁၃ သန်းမှ ၁၄ သန်းအထိ ထုတ်လုပ်နိုင်ပြီး ပြည်တွင်းစားသုံးမှုအနေဖြင့် ဆန်တန်ချိန် ၁၀ သန်းခန့်ရှိရာ ပိုလျှံသောဆန်တန်ချိန် သုံးသန်းမှ လေးသန်းကြားရှိကြောင်း၊ ထိုသို့ ပိုလျှံသောဆန်များထဲမှ ပြည်ပသို့တင်ပို့နေသော ဆန်ပမာဏမှာ တစ်နှစ်လျှင် တန်ချိန် နှစ်သန်းဝန်းကျင်ရှိကြောင်း သိရသည်။

ဆောင်းဦး

## ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကွမ်း ၁၅၃၄ ဧက စိုက်ပျိုးပြီးစီး

ကျုံပျော် အောက်တိုဘာ ၁၇


ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကွမ်း ၁၅၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကွမ်း ၁၅၃၄ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကွမ်းများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

''ကျုံပျော်ခရိုင်အနေနဲ့ ကွမ်း ၁၅၃၄ ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ကျုံပျော်ခရိုင်မှာ မိုးသီးနှံတွေကို ဇွန်လပထမပတ်ကတည်းက စိုက်ပျိုးခဲ့တာပါ။ ကျုံပျော်ခရိုင်မှာ ကွမ်းအပါအဝင် မိုးသီးနှံတွေအားလုံး အခက်အခဲမရှိ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဒေသခံတောင်သူတွေ စနစ်တကျ ပူးပေါင်းစိုက်ပျိုးခဲ့ပါတယ်"ဟု ဦးဆန်းဝင်းကပြောသည်။

ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကွမ်းအပါအဝင် မိုးသီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတကျော်




## အားကောင်းသောလေဖိအားနည်းရပ်ဝန်း လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားနိုင်

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့နံနက် ၁၁ နာရီအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်း-အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ချင်းနိုင်မြို့ (Chennai) အနီးမှ ဖြတ်ကျော်ခဲ့သော မုန်တိုင်းငယ် (Depression) သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဓာတ်ပုံမြင်ကွင်းများ























# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီမှကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ကောင်စီမှကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများလွှတ်တင်ပူဇော်ပွဲကို ယနေ့ ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ည ၆ နာရီတွင် ကျင်းပသည်။

အဆိုပါ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့်ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးပြည်သူများ တက်ရောက်၍ စည်ကားသိုက်မြိုက်စွာ ဆီမီးထွန်းညှိပူဇော်ကြပြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၆)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ကြည်ညို



နေပြည်တော် အောက်တိုဘာ ၁၇

(၁၆)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒမဟာထေရ်မြတ်ကြီး အမှူးပြုသောဆရာတော်ကြီးများကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်ရွတ်အသင်းများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဇနိန္ဒမဟာထေရ်မြတ်ကြီးထံမှ ညွှန့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကြီးထံမှ ညွှန့်ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းလောင်းအမျှပေးဝေကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံဒေသသို့ ယမန်နှစ်ထက် ခရီးသွားဝင်ရောက်မှုများပြား



ရန်ကုန် အောက်တိုဘာ ၁၇

သီတင်းကျွတ်လပြည့်နေ့တွင် နိုင်ငံတစ်ဝန်းရှိပြည်သူများအနေဖြင့် ဘုရား၊ ပုထိုးစေတီတို့၌ ကုသိုလ်ကောင်းမှုများပြုကြပြီး အထူးစည်ကားလျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့စုဝေးရာ ပုဂံဒေသတွင်လည်း ယမန်နှစ်သီတင်းကျွတ်လပြည့်နေ့ထက် ယခုနှစ်တွင် ခရီးသွားဝင်ရောက်မှုပိုမိုများပြားခဲ့ကြောင်း သိရသည်။

"ဒီနှစ် သီတင်းကျွတ်ပွဲတော်မတိုင်မီကတည်းက ပုဂံကိုခရီးသွားဝင်ရောက်ခဲ့တာပါ။ သီတင်းကျွတ်လပြည့်နေ့ မနက်ကနေ ညအထိ ပုဂံကအထင်ကရဘုရား၊ စေတီ ၁၈ နေရာမှာ ဘုရားဖူးစည်ကားခဲ့ပါတယ်။ ထီးလိုမင်းလိုဘုရားမှာဆိုရင် ညနေပိုင်းအထိ ခရီးသွားတစ်သောင်းနီးပါးဝင်ခဲ့ပါတယ်။ အခြားဘုရား၊ စေတီများလည်း အတူတူပါပဲ။ မနှစ်ကထက် ခရီးသွားဝင်ရောက်တဲ့အတွက် ဈေးသည်အစ ခရီးသွားလမ်းညွှန်အဆုံး ကြည်နူးဝမ်းသာရှိနေကြပါတယ်။ ခရီးသွားဧည့်သည်အပေါင်း သွားလမ်းသာပြီး လာလမ်းဖြောင့်ကြပါစေ။ ကုသိုလ်ထူးများလည်းရရှိကြပါစေလို့ ပုဂံသူ၊ ပုဂံသားများကိုယ်စား ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်"ဟု ထီးလိုမင်းလိုဘုရားမှ အတွင်းရေးမှူး ဦးတင်လှဦးကပြောသည်။

အဘိဓမ္မာအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့်ဘုရား၊ ပုထိုးစေတီနှင့် သာသနာ့နယ်မြေတို့၌ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ အဘိုးအဘွားနှင့်မိဘများကို ကန်တော့ခြင်း၊ ညပိုင်းတွင် မြတ်ဗုဒ္ဓအား ဆီမီးထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ယူကြလျက်ရှိသည်။ နေ့ထူးနေ့မြတ် ဘာသာရေးပွဲတော်နေ့တွင် ပုဂံဒေသရှိ အထင်ကရဘုရားစေတီများဖြစ်သည့် ရွှေစည်းခုံ၊ အာနန္ဒာ၊ အလိုတော်ပြည့်၊ သဗ္ဗညု၊ ထီးလိုမင်းလို၊ ကန်တော့ပလ္လင်၊ ငှက်ပစ်တောင်၊ ဗူးဘုရား၊ မဟာဗောဓိ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ မနူဟာ၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇက၊ စွယ်တော်ဘုရား၊ ပြသာဒ်ကြီးဘုရားတို့တွင် ဘုရားဖူးခရီးသွားများဖြင့် အထူးစည်ကားခဲ့သည်။

ပုဂံဒေသရှိ အထင်ကရ ဘုရားစေတီတော်တို့၌ လပြည့်နေ့ နံနက် ၄ နာရီမှ စတင်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်းများကပ်လှူပူဇော်ကြပြီး ည ၆ နာရီမှစတင်၍ ဆီမီးများထွန်းညှိပူဇော်ကြသည်။ ယမန်နှစ်သီတင်းကျွတ်လပြည့်နေ့တွင် ခရီးသွားတစ်သိန်းခန့်ဝင်ရောက်ခဲ့ပြီး ယခုနှစ်သီတင်းကျွတ်လပြည့်နေ့၌ ခရီးသွားနှစ်သိန်းခန့်ဝင်ရောက်ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

ဓာတ်ပုံ - ကနူး

ညိမ်းသူ(သတင်းစဉ်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၇

ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ရေထုညစ်ညမ်းစေသည့်အကြောင်းနှင့်ရေချွေတာရေးနည်းလမ်း

စာရေးသူတို့နိုင်ငံသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများသည့်အတွက် ရေသယံဇာတအလွန်ပေါလှသည်။ မည်မျှပေါသလဲဆိုလျှင် သကြံန်ကိုတောင်ရေချိုနှင့်ပက်သည့်နိုင်ငံဖြစ်သည်။ ဤမျှရေချိုပေါလှသည်။ သယံဇာတဟုဆိုရခြင်းမှာ အဖိုးထိုက်တန်လှသောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရေသည်မရှိမဖြစ်လိုအပ်သည်။

"ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်"လို့ရှေးဆိုရိုးစကားရှိပါသည်။ ထမင်းမစားရလျှင် ခုနစ်ရက်အသက်ရှင်နိုင်သော်လည်း ရေမသောက်ရလျှင်တစ်မနက်သာအသက်ရှင်နိုင်လိမ့်မည်ဟုဆိုလိုဟန်တူပါသည်။ ရေသည်သက်ရှိတို့အတွက် ဤမျှအထိအရေးပါလှသည်။ ဒါကြောင့်မို့ ကမ္ဘာကြီးအတွက် ရေသည်မရှိမဖြစ်သော အရာတစ်ခုဖြစ်သည်။ ထို့ကြောင့်ရေထုညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ဖို့လိုပါသည်။

ကမ္ဘာပေါ်တွင် မြေထုဧရိယာနှင့်ရေထုဧရိယာတွင် ရေထုဧရိယာကပိုများပါသည်။ ရေသည်ကမ္ဘာကြီး၏ လေးပုံသုံးပုံကိုဖုံးလွှမ်းထားသော်လည်း သောက်သုံးနိုင်သောရေချိုသည် အနည်းငယ်သာရှိသည်။ ကမ္ဘာ့ရေထုဧရိယာ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာထဲမှ ဆားငန်ရေများဖြစ်ပြီး ရေချိုသည် ၃ ရာခိုင်နှုန်းသာရှိသည်။ အဆိုပါ ၃ ရာခိုင်နှုန်းအနက် ရေခဲတောင်နှင့်ရေခဲပြင်ရှိရေသည် ၂ ဒသမ ၉၉၇ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့်အသုံးပြုနိုင်သောရေချိုသည် သုည ဒသမ ၀၀၃ ရာခိုင်နှုန်းခန့်သာရှိသည်။ အလွန်နည်းသောပမာဏဖြစ်သည်။

ယနေ့ကမ္ဘာပေါ်ရှိ လူဦးရေသည် အဆမတန်တိုးပွားလျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ်က ကမ္ဘာ့လူဦးရေ ၆ ဒသမ ၉၅၆ ဘီလီယံရှိသည်။ ၂၀၂၀ ပြည့်နှစ်အရောက်မှာ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၇၉၄ ဘီလီယံအထိ တိုးလာသည်။ ထိုကဲ့သို့ အစဉ်တစိုက်တိုးတက်လာသောလူဦးရေအတွက် စားနပ်ရိက္ခာပြည့်စုံအောင်စိုက်ပျိုးဖို့လိုသည်။ ထိုအခါစိုက်ပျိုးရေးအတွက် ရေသည် အဓိကလိုအပ်သောအရာဖြစ်သည်။ ဥပမာစာရေးသူတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံမျိုးအတွက် ရေသည်အဓိကဖြစ်နေသည်။ ကမ္ဘာကြီးအတွက်ရေလိုသလို ကမ္ဘာကြီးကိုမှီခိုနေရသော လူသားအပါအဝင်သက်ရှိတို့အတွက်ရေလိုသည်။

စိုက်ပျိုးရေးအတွက် ရေသည်လည်း ရေကောင်းဖြစ်ဖို့လိုသလို သောက်ရေ၊ သုံးရေနှင့် အခြားအတွက်အသုံးပြုနိုင်သောရေသည်လည်းရေကောင်းရေသန့်ဖြစ်ရန်လိုသည်။ ရေထုညစ်ညမ်းပါက ရောဂါဘယထူပြောပြီး အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့ကြောင့်သန့်ရှင်းကောင်းမွန်သောရေဖြစ်စေရန် ရေထုညစ်ညမ်းမှုမရှိအောင်ကာကွယ်ဖို့လိုသည်။ ရေထုကိုညစ်ညမ်းစေသည့်အကြောင်းရင်းများရှိပါသည်။ ယင်းတို့မှာ(၁)သဘာဝအလျောက်ရေထုညစ်ညမ်းခြင်း၊ (၂)အပူကြောင့်ရေထုညစ်ညမ်းခြင်း၊ (၃)မိလ္လာရည်ကြောင့်ညစ်ညမ်းခြင်း၊ (၄)စက်မှုလုပ်ငန်းများကြောင့် ညစ်ညမ်းခြင်း၊ (၅) လူတို့၏စွန့်ပစ်အမှိုက်များကြောင့်ညစ်ညမ်းခြင်းတို့ဖြစ်သည်။



### (၁)သဘာဝအလျောက် ရေထုညစ်ညမ်းခြင်း

သဘာဝအလျောက်ရေထုညစ်ညမ်းခြင်းဆိုသည်မှာ လူတို့ပြုလုပ်ခြင်းသို့မဟုတ် လူ့ပယောဂကြောင့်မဟုတ်ဘဲ ရေထုညစ်ညမ်းခြင်းမျိုးကိုဆိုလိုသည်။ သတ္တဝါတို့၏အညစ်အကြေးများနှင့်အပင်များကြောင့် ကမ္ဘာမြေပြင်ပေါ်တွင်အညစ်အကြေးများဖြစ်လာပြီး ရေထုထဲသို့ရောက်ရှိသွားခြင်းမျိုးဖြစ်သည်။ ထိုသစ်ပင်သစ်ရွက်များမှ ဖြစ်ပေါ်လာသော အညစ်အကြေးများအပြင်သတ္တဝါတို့၏ခန္ဓာကိုယ်မှ အလိုအလျောက်ဖြစ်ပေါ်လာသော အညစ်အကြေးများသည်မြစ်၊ ချောင်းများအတွင်းသို့ရောက်ရှိပြီး ရေထုညစ်ညမ်းသွားခြင်းမျိုးဖြစ်သည်။

ယနေ့လူသားတို့အသုံးပြုသော ဓာတုဆေးအမျိုးမျိုးသည် ကမ္ဘာ့မြေထုနေရာအနှံ့အပြားတွင်ရှိနေသည်။ မိုးရေနှင့်အခြားသောရေများသည် ကမ္ဘာမြေပေါ်ရှိသက်ရှိတို့၏ အညစ်အကြေးများကိုဖြစ်စေ၊ မြေပြင်ပေါ်ရှိဓာတုဆေးများကိုဖြစ်စေသယ်ဆောင်ခြင်းဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်အတွင်းသို့ စီးဆင်းသွားပြီးရေထုကိုညစ်ညမ်းစေပါသည်။

### (၂)အပူကြောင့် ရေထုညစ်ညမ်းခြင်း

တချို့သောဓာတ်အားပေးစက်ရုံများမှ အပူချိန်မြင့်မားသောရေများကိုသောက်သုံးရေပေးရာမြစ်၊ ချောင်းအတွင်းစွန့်ပစ်ကြသည်။ ထိုအခါရေထု၏သဘာဝညီညွတ်မှုကို ပြောင်းလဲသွားစေသည်။ အပူကြောင့် ညစ်ညမ်းမှုဖြစ်ပေါ်ရာတွင် အကြီးမားဆုံးသော အန္တရာယ်တစ်ခုမှာ ရေထု၏ ပင်ကိုရုပ်သတ္တိများပြောင်းလဲသွားခြင်းပင်ဖြစ်သည်။ ရေပူသည်ရေအေးလောက် ဓာတ်ငွေ့ထိန်းသိမ်းနိုင်စွမ်းမရှိသောကြောင့် ရေထဲတွင် အောက်ဆီဂျင်ကိုထိန်းသိမ်းမှုနည်းသွားသည်။ အောက်ဆီဂျင်နည်းပါက ရေနေသတ္တဝါတို့အတွက်အန္တရာယ်ရှိသည်။

စာရေးသူတို့မြန်မာ့ဆိုရိုးစကားတွင် "တော်သလင်းမိုး ကန်သင်းကျိုး၊ တော်သလင်းနေ ပုစွန်သေ"ဟူ၍ဖြစ်သည်။ တော်သလင်းလမိုးရွာလျှင်လည်း ကန်သင်းကျိုးလောက်အောင် ရွာလေ့ရှိပြီး နေပူလျှင်လည်း ပုစွန်သေအောင်ပင်ပူလေ့ရှိသည်။ ဤကားရေထုအပူလွန်ကဲခြင်းကြောင့်ရေထုထဲတွင် အောက်ဆီဂျင်နည်းပါး၍လည်းကောင်း၊ ရေထုပူပြင်းခြင်းကြောင့်လည်းကောင်း ရေနေသတ္တဝါများ သေကျေကြရသည်။ အဆိုပါသတ္တဝါအသေများကြောင့်ပင်ရေထုကိုပြန်လည်ညစ်ညမ်းစေပြန်သည်။ ဤကားအပူကိုအခြေခံ၍ ဖြစ်ပေါ်လာသောရေထုညစ်ညမ်းမှုပင်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များခန်းခြောက်ကာ ရေရှားပါးမှုနှင့်လည်းကြုံတွေ့နိုင်သည်။

### (၃)မိလ္လာရည်ကြောင့် ရေထုညစ်ညမ်းခြင်း

ရေထုညစ်ညမ်းရသည့်အကြောင်းရင်းများကိုစဉ်းစားလိုက်တိုင်း မိလ္လာရည်ကြောင့်ဟူသောအတွေးသည်ပေါ်လာလေ့ရှိသည်။ မိလ္လာရည်သည်လည်းရေထုကိုညစ်ညမ်းစေသည်။ ထို့ကြောင့်အိမ်သာဆောက်ပါက မြစ်၊ ချောင်းများနှင့်ပေ ၅၀ အကွာ၌ ဆောက်ရပါမည်။ တချို့က အလွယ်တကူ မြစ်၊ ချောင်းဘေးတွင်ဆောက်လေ့ရှိကြသည်။ ဤသို့မပြုလုပ်သင့်ပေ။

မိလ္လာရည်တွင် ကျင်ကြီး၊ ကျင်ငယ်အပါအဝင်နေအိမ်မိလ္လာလိုင်းထဲသို့ စွန့်ပစ်လိုက်သောအရာမှန်သမျှ ပါဝင်သည်။ ထို့ကြောင့် ဤညစ်ညမ်းမှုမျိုးတွင် ရေချိုးကန်၊ ရေဆေးခွက်နှင့်အဝတ်လျှော်စက်တို့မှရေတို့နှင့် မိလ္လာကြေးချွတ်ဆေးအမြှုပ်လည်းပါဝင်သည်။ ကြေးချွတ်ဆေးဟူသည်ကား ကြေးညှော်များကိုသန့်စင်ပေးသည့်ပစ္စည်းမှန်သမျှပါဝင်သည်။ ဆပ်ပြာရည်လည်းပါဝင်သည်။ ကြေးချွတ်ဆေးနှင့်မိလ္လာရည်အညစ်အကြေးများသည် အလွန်ဆိုးရွားသလို ကျန်းမာရေးကိုလည်းထိခိုက်စေသည်။

လွန်ခဲ့သော ၁၉၅၃ ခုနှစ်လောက်က ကနေဒါနိုင်ငံ အက်ဒမန်တန်မြို့၌ လူအများအပြား ပိုလီယိုရောဂါဖြစ်ပွားခဲ့သည်။ ထိုရောဂါသည် အက်ဒမန်တန်မြို့သို့ သောက်ရေပေးဝေသော"ဆက်စသယ်ချီဝမ်"မြစ်ထဲရှိ လူ့အညစ်အကြေးများကြောင့်ဖြစ်ကြောင်း ဆရာဝန်များတွေ့ရှိခဲ့သည်ဟုသိရသည်။ စာရေးသူတို့နိုင်ငံအနေဖြင့်အထူးသတိပြုရမည့်အချက်ပင်ဖြစ်ပါသည်။

### (၄)စက်မှုလုပ်ငန်းကြောင့် ရေထုညစ်ညမ်းခြင်း

ယနေ့ကမ္ဘာသည် ရှေးယခင်ကလိုလက်မှုခေတ်မဟုတ်တော့ပေ။ စက်မှုခေတ်ဖြစ်သည်။ ထို့ကြောင့်ကုန်ထုတ်လုပ်ရာတွင်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ရာတွင်လည်းကောင်း၊ အခြားသောလုပ်ငန်းများကို လုပ်ဆောင်ရာတွင်လည်းကောင်း စက်ယန္တရားများကိုသာအသုံးပြုကြတော့သည်။ ရောဝတီတိုင်းဒေသကြီးသည် ရေထုညစ်ညမ်းမှုအများဆုံးဖြစ်နိုင်သည်။ အကြောင်းမှာမြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါသောကြောင့်ဖြစ်သည်။ အများအားဖြင့်ဆန်စက်များသည် မြစ်၊ ချောင်းဘေးမှာသာ တည်ဆောက်ကြသည်။ ထိုဆန်စက်များမှ စွန့်ပစ်လိုက်သော စက်ဖွဲပြာများနှင့်ရေဆိုးများသည် မြစ်၊ ချောင်းအတွင်းသို့တိုက်ရိုက်ရောက်ရှိသွားကြသည်။ စက်ဖွဲပြာများနှင့်ရေဆိုးများရောနေသောရေသည်သောက်သုံးရန်မသင့်ပေ။

နိုင်ငံတကာအနေဖြင့် ကြည့်ပါကလည်း ကမ္ဘာ့နိုင်ငံများသည် စက်မှုနိုင်ငံများသာဖြစ်သည်။ ထုတ်ကုန်များအတွက် စက်ရုံ၊ အလုပ်ရုံများတွင်ရေသုံးစွဲမှုလည်းများလာပြီး ထိုစက်ရုံ၊ အလုပ်ရုံများမှ ပြန်လည်စွန့်ပစ်လိုက်သောညစ်ညမ်းရေသည်လည်း ကမ္ဘာအနှံ့ခြေဆန့်လျက်ရှိသည်။ တချို့စက္ကူစက်ရုံမှစွန့်ပစ်သော သစ်သားအပိုင်းအစများ၊ အထည်စက်ရုံမှစွန့်ပစ်လိုက်သောပိတ်အပိုင်းအစများ၊ စည်သွတ်စက်ရုံမှစွန့်ပစ်လိုက်သောအစားအစာများ စသည်တို့သည် စက်ရုံမှစွန့်ပစ်သောအရာများကြောင့် ရေထုညစ်ညမ်းခြင်းပင်ဖြစ်သည်။

ဒေါက်တာအာလောရေးသားသည့် ၁၉၈၂ ခုနှစ် စာပေဗိမာန်စာမူဆု၊ ဘာသာပြန် စာပေပထမဆုရ" ကျွန်ုပ်တို့အတွက်လေနှင့်ရေ" စာအုပ်တွင် ကလေးငယ်တစ်ဦးသည် နံရံကပ်စက္ကူထုတ်လုပ်သောစက်ရုံမှ ဓာတုပစ္စည်းများဖြင့်ညစ်ညမ်းနေသော ချောင်းအတွင်းဆင်းမိရာ ခြေထောက်နှင့်ခြေဖဝါးမှ အရေခွံများကွာကျခဲ့သည်ဟုဆိုပါသည်။ ဒ့ါအပြင် ဓာတ်မြေသြဇာစက်ရုံမှ နိုက်ထရိတ်များ၊ သတ္တုစက်ရုံမှ သတ္တုအပိုင်းအစများနှင့် သံမဏိစက်ရုံမှ အမှုန့်များသည်လေနဲ့အတူပါလာပြီး ရေတွင်နစ်မြုပ်သွားခြင်းနှင့် စက်သုံးဆီများလည်းပါဝင်ပါသည်။ အထက်ဖော်ပြပါအကြောင်းတရားများသည် စက်မှုလုပ်ငန်းများကြောင့်ရေထုညစ်ညမ်းခြင်းပင်ဖြစ်သည်။

### (၅)လူတို့စွန့်ပစ်သော အမှိုက်များကြောင့် ရေထုညစ်ညမ်းခြင်း

ရေထုညစ်ညမ်းခြင်းသည် အထက်ဖော်ပြပါအချက်တွေကြောင့်ချည်းပဲလည်းမဟုတ်ပေ။ လူတို့ကြောင့်လည်းဖြစ်သည်။ လူသားတို့သည် အမှိုက်သရိုက်များကိုစနစ်တကျမစွန့်ပစ်ဘဲ မြစ်၊ ချောင်းအတွင်းသို့အလွယ်တကူစွန့်ပစ်ခြင်းကြောင့်လည်း ရေထုညစ်ညမ်းစေသည်။ မြစ်၊ ချောင်းအတွင်းသို့ တိရစ္ဆာန်အသေကောင်များကိုလည်းစွန့်ပစ်ကြသည်။ မြစ်၊ ချောင်းအတွင်း ပလတ်စတစ်အမှိုက်များနှင့်သတ္တုဘူးခွံအမျိုးမျိုးကိုလည်းစွန့်ပစ်ကြသည်။ ထိုအရာများသည်မြစ်၊ ချောင်းအတွင်းအစုန်အဆန်မျောပါနေကြသည်။ လူသားတို့အနေဖြင့် ဤကဲ့သို့မပြုလုပ်ဘဲဆင်ခြင်သင့်သည်။ လာမည့်သက္ကရာဇ် ၂၀၂၅ ခုနှစ်လောက်တွင် ရေရှားပါးမှုနှင့်ကြုံတွေ့နိုင်ပြီး ကမ္ဘာ့လူဦးရေသုံးပုံတစ်ပုံခန့်သည် ရေရှားပါးခြင်းဖြင့် ကြုံတွေ့နိုင်သည်ဟုဆိုကြသည်။

### ရေချွေတာရေးနည်းလမ်းများ

ရေချိုသယံဇာတသည် အထက်ပါအကြောင်းရင်းများကြောင့်ညစ်ညမ်းနေခြင်းဖြစ်သည်။ ထို့ပြင် ယနေ့ကမ္ဘာပေါ်၌သုံးစွဲနေကြသော ရေချိုပမာဏသည်အလွန်နည်းပါးလှသည်။ ထို့ကြောင့်ရေချိုသည်ရှားပါးလှသော သယံဇာတတစ်မျိုးဖြစ်သည်။ ကမ္ဘာမှာစစ်ပွဲတချို့သည်ရေကိုအကြောင်းပြု၍ ဖြစ်ခဲ့ကြသည်။ ထင်ရှားသောသာဓကတစ်ခုမှာ ရောဟိဏီမြစ်ရေကိုအကြောင်းပြု၍ ကပိလဝတ်ပြည်သားများနှင့်ကောလိယပြည်သားတို့ စစ်ဖြစ်ပွားရာဘုရားရှင်၏ ငြိမ်းချမ်းရေးတရားကြောင့်

စာမျက်နှာ ၁၄ သို့ ◆

❖ စာမျက်နှာ ၁၃ မှအဆက်

အသက်ပေါင်းများစွာမသေခဲ့ခြင်းဖြစ်သည်၊ ထို့ပြင်အခြားသောရေကိုအကြောင်းပြုသည့်စစ်ပွဲများလည်းရှိပါသေးသည်။ ထို့ကြောင့်ရေကတန်ဖိုးကြီးမားကြောင်း သိနိုင်သည်။ တန်ဖိုးကြီးမားသောရေချိုကို ညစ်ညမ်းမှုကင်းအောင် ကာကွယ်ဖို့လိုသလို အလဟဿမဖြစ်အောင်သုံးစွဲဖို့လည်းလိုပါသည်၊ ရေချွေတာရေးနည်းလမ်းနှင့်ပတ်သက်၍ အင်္ဂလိပ်စကားတစ်ခုရှိသည်။ "The best things in life are free" အဓိပ္ပာယ်မှာ ဘဝမှာအကောင်းဆုံးအရာများကို အခမဲ့ရနိုင်အောင် သဘာဝကြီးကဖန်တီးပေးထားသည်ဟူ၍ ဖြစ်သည်။ အင်ကာလူမျိုးတို့၏ အဆိုတစ်ခုလည်းရှိပါသေးသည်။ "ဖားသူငယ်သည် သူ့အသက်ရှင်သန်နေထိုင်ခွင့်ရသည့် ကန်ထဲကရေကိုမသောက်"ဟုဆိုသည်။ ထိုဆိုစကားအရတိရစ္ဆာန်ပင်ဖြစ်သော်လည်းရေကိုတန်ဖိုးထားသည်ဟုယူဆရပေမည်။ စာရေးသူတို့အနေဖြင့်ဆိုလျှင် ရေချိုကိုပို၍တန်ဖိုးထားသင့်ပေသည်။ ရေချွေတာခြင်းနည်းလမ်းတချို့မှာမလိုအပ်ဘဲမသုံးစွဲသင့်ပါ။ ရေသုံးစွဲရာတွင်လည်း လိုသလောက်သာသုံးစွဲသင့်သည်။ ဥပမာ - သောက်ရေသောက်ရာတွင် လိုသလောက်သာ ခပ်သောက်ခြင်းမျိုး၊ ပိုနေသောရေကို သစ်ပင်ပန်းမန်များကို ရေလောင်းပေးခြင်းမျိုးဖြင့်လည်း ရေကိုချွေတာနိုင်ပါသည်။ ရေစက်များဖြင့် ရေတင်ရာတွင်ရေအလေအလွင့်ဖြစ်စေသည့်ပိုက်ပေါက်များကိုဖာထေးသုံးစွဲခြင်း၊ အိုးခွက်များဆေးကြောရာတွင် ပထမအကြမ်းကိုဆန်ဆေးရည်ဖြင့်ဆေးကြောပြီးမှ ရေဖြင့်ပြန်ဆေးခြင်းတို့သည်လည်း ရေချွေတာရေးနည်းလမ်းများဖြစ်သည်။ သစ်ပင်ရေလောင်းရာတွင်လည်း အဆိုပါပန်းကန်ဆေးရည်ကိုပြန်လည်အသုံးပြုခြင်း၊ မိုးရာသီရွာသောမိုးရေကိုခံယူ၍စနစ်တကျသုံးစွဲခြင်းတို့ဖြင့်ရေချိုကိုချွေတာသုံးစွဲရာရောက်သည်။ ရေချိုကိုသောက်ရေအဖြစ်အသုံးပြုရာမှ နောက်ဆုံးရေချိုးသည်အထိ ရေကိုစနစ်တကျသုံးဖို့လိုသည်။ ရေတွင်း၊ ရေကန်၊ မြစ်၊ ချောင်းများကိုရေစီးရေလာကောင်းအောင်ဂရုစိုက်ရမည်။ စာရေးသူတို့ဒေသဘက်တွင် ချောင်းများရေစီးရေလာမကောင်းတော့ပါ။ ချောင်းကိုဖြတ်၍အဆောက်အအုံများဆောက်လုပ်လာကြသောကြောင့်ဖြစ်သည်။ နောက်ပိုင်းရေရှားပါးမှုကိုခံရနိုင်ဖွယ်ရှိသည်။ အထက်ပါနည်းများဖြင့် ရေထုညစ်ညမ်းလေလေရေရှားလေလေဖြစ်သည်။ ထို့ကြောင့်ရေကိုပို၍ချွေတာကြဖို့လိုသည်။ ထို့ပြင်ရေထုညစ်ညမ်းမှုကိုလည်းကာကွယ်ဖို့လိုသည်။

ရေသည်လူသားတို့အတွက်မရှိမဖြစ်လိုအပ်သော အဖိုးတန်သယံဇာတဖြစ်သည်။ ထို့ကြောင့်ရေထုကိုညစ်ညမ်းစေသည့်အပြုအမူများကိုလုံးဝရှောင်ကြဉ်ရပါမည်။ ကမ္ဘာပေါ်တွင် ညစ်ညမ်းရေကိုသောက်သုံး၍ ရောဂါရရှိပြီး သေဆုံးသူနှစ်စဉ် ငါးသန်းကျော်ရှိကြောင်းလည်းသိရသည်။ ထို့ကြောင့် ရေထုညစ်ညမ်းမှုကိုကာကွယ်ဖို့လိုအပ်သလို ချွေတာသုံးစွဲဖို့လည်းလိုအပ်သည်။ ဒါ့အပြင်ရေထုညစ်ညမ်းစေသည့်အကြောင်းရင်းများကိုလုံးဝရှောင်ကြဉ်ဖို့လိုကြောင်းလည်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုကျော်စွာ(ကျိုက်ပိ)**

# ကျောက်ဆည်မြို့ မြန်မာ့ရိုးရာဆင်အကအလှုပြိုင်ပွဲတွင် ဆုရရှိခဲ့သော ပြိုင်ပွဲဝင်ဆင်များအား ဆုပေးပွဲအခမ်းအနားကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မြန်မာ့ရိုးရာဆင်အကအလှုပြိုင်ပွဲတွင် ဆုရရှိခဲ့သော ပြိုင်ပွဲဝင်ဆင်များအား ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာလ ၁၆ ရက် ညနေပိုင်းတွင် ရွှေသာလျောင်းတောင် ဆင်အကအလှုပြိုင်ပွဲဗဟိုမဏ္ဍပ်၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့မိမြို့ဖ ဦးစန်းယု၊ ဦးညိုတင်၊ ဦးလှစိုးတို့က မြို့မဆင်ဖြူတော်နှင့် မာဃဆင်ဖြူတော်တို့အား ဂုဏ်ပြုဆုများနှင့် နွံ့ဆိုး၊ ဇော်ဂျီမောင်၊ ပိတောက်မြိုင်၊ ရဲမာန်ဆင်များအား ရိုးရာဂုဏ်ထူးဆောင် (အသက်ကြီးဆင်) ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကျော်စိုးမိုးနှင့် အဖွဲ့ဝင်(၂)ဦးခင်မောင်ဝင်းတို့က ကလေးဆင်(ရိုးရာ)ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော စိမ်းလန်းစိုပြည်ဘိုကေ၊ ဒုတိယဆုရရှိသော ခေတ်သစ်မာန်ဆင်များကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂)ဦးအောင်သူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းကျော်သူတို့က ဘော်ကြယ်ဆင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ဆင်များကိုလည်းကောင်း အသီးသီးပေးအပ်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် တာဝန်ရှိသူများက လူကြီးဆင်(ရိုးရာ)ပြိုင်ပွဲနှင့် တီထွင်ဆန်းသစ်မှု(သဘာဝ)ဆင်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသောဆင်အဖွဲ့များအား ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကုန်းမုန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တန့်ယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင်အောင်လွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကုန်းမုန်ကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလမ်းသည် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၅ သိန်းကိုအသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်စက်တင်ဘာလ စတုတ္ထအပတ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါလုပ်ငန်းအားလုံး၏ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဆီမီးပူဇော်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် သံဃာတော်များနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ဓီဝိတဒါနငါးလွှတ်ကုသိုလ်ပြုစဉ်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မဟာသန္တိရံသီစေတီတော်ကြီး၌ ဆီမီးထွန်းညှိပူဇော်ထားမှုကို တွေ့ရစဉ်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဓီဝိတဒါနငါးနှင့်ငှက်လွှတ်ကုသိုလ်ပြုစဉ်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း သက်ကြီးဘိုးဘွားများအား ဂါရဝပြုလက်ဆောင်ပေးအပ်စဉ်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ ဘုရား၊ စေတီများ၌ ဆီမီးထွန်းညှိပူဇော်နေမှုကို တွေ့ရစဉ်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ဆီမီး(၁၀၀၀) ပူဇော်ပွဲ ကျင်းပစဉ်။

● စာမျက်နှာ ၁၇ မှအဆက်

နေပြည်တော်၊ ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများတပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့်အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများတပ်ဆင်ထားရှိကာ ပြည်သူများလာရောက်အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့်အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)





သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများတပ်ဆင်ထားသည့်ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားမှုကိုတွေ့ရစဉ်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင်တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

**● ရှေ့ဖုံးမှအဆက်**

ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ ဇီဝိတဒါနငါး/ငှက်လွှတ်ခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။


ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာအကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ





သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၇.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၇.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၃၆၂၅ | ၆၂၇.၁၉ | ၅၆၅၅၅၂ | ၁၃၈၄၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၀ | ၁၀၁၄၈ | - | ၆၂၇.၂၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၆.၂၅ | ၂၇၄၈၇ | - | ၈.၇၅ | ၉၀၁၃ | - | - | - | ၆၂၆.၂၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၅ | ၅၁၈.၈၅ | ၈၈၆၃၁ | ၂၇၁ | ၁.၁၅ | ၃၁၃၉ | - | - | - | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၂၀ | ၁၀၂၉၇ | ၇ | ၂.၈၀ | ၁၉၆၀ | - | - | - | ၅၀၉.၂၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၉၈ | ၄၃၇.၈၈ | ၆၉၆၄၀ | ၂၈၄ | ၁.၁၂ | ၃၃၆၀ | - | - | - | ၄၃၈.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၉ | ၅၃၄.၇၁ | ၇၃၈၃၄ | ၃၂၀ | ၀.၂၉ | ၁၁၆၆ | - | - | - | ၅၃၄.၈၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၀၅ | ၇၆၁၇ | ၁၁ | ၁.၉၅ | ၁၁၀၁ | - | - | - | ၄၁၆.၀၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၅၃ | ၁၀၇၅၈၉ | ၉၅ | ၆.၄၇ | ၃၅၅၀၁ | - | - | - | ၇၀၃.၅၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၈၉ | ၄၉၄ | ၄၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၄၅ | ၈၆၃.၆၅ | ၁၀၂၂၇ | ၇၀ | ၆.၃၅ | ၄၃၇၃ | - | - | - | ၈၆၃.၇၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၀) ချပ်ထောင်ထားပါသည်။

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




နေပြည်တော် အောက်တိုဘာ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၈၉၅၂၈)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၇၄၅၁၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၉၃၄၆၂၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၁၆ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၄၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)**စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မိုင်းမွန်မြို့နှင့် ဟိုပုံးမြို့အကြား ပြည်ထောင်စုလမ်းမကြီးပေါ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၂၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ **အမှုတွဲ(၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၃၉၄၆၂၈)** ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှတရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့်စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါထိခိုက်လာစေကာ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

# ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ပန်းတနော် အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာလ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်ပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ချောင်းကလေးကျေးရွာ၌ အရှည် ပေ ၁၄၀၀၊ အကျယ် ၂ ပေ ၆ လက်မ၊ ထု ၆ လက်မ နှစ်ဖက်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် ၂၁ ဒသမ ၂၃ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သုညဒသမ ၅ သန်းဖြင့် ယခုလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၈၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ချောင်းကလေးကျေးရွာရှိ အိမ်ခြေ ၁၇၆ အိမ်မှ လူဦးရေ ၁၂၂၈ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာသွားလာနိုင်ရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

# မုံရွာမြို့ ဗန္ဓုလဈေး၌ နှစ်ထပ်ဈေးရုံသစ်တည်ဆောက်နေမှု ၅၀ ရာခိုင်နှုန်းခန့်ပြီးစီး

မုံရွာ အောက်တိုဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေး၌ ငွေကျပ် ၆၈၆ ဒသမ ၆ သန်း အကုန်အကျခံကာ RC နှစ်ထပ် ဈေးရုံသစ်တည်ဆောက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါနှစ်ထပ်ဈေးရုံသစ်ကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောက်လုပ်မည်ဖြစ်သည်။

"မုံရွာမြို့ မြို့သစ်ရပ်ကွက်က ဗန္ဓုလဈေးမှာ ပထမအဆင့်အနေနဲ့ ပျံကျဈေးရုံတွေ ဆောက်လုပ်ပေးခဲ့ပါတယ်။ လက်ရှိပျံကျဈေးရုံတွေမှာ ဈေးသည်တွေ အဆင်ပြေပြေနဲ့ရောင်းဝယ်နေပြီး ဒုတိယအဆင့်အနေနဲ့ ဗိုလ်ချုပ်လမ်းဘေးမှာရှိတဲ့ ဈေးရုံအဟောင်းကို ဖျက်သိမ်းပြီး RC နှစ်ထပ်ဈေးရုံသစ် တည်ဆောက်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က ပြောသည်။

ယခုတည်ဆောက်နေသော နှစ်ထပ်ဈေးရုံသစ်ပြီးစီးပါက ယခင်ဈေးရုံအဟောင်းမှ ဆိုင်ခန်းပိုင်ရှင်များကို ၎င်းတို့၏ မူလဆိုင်ခန်းနေရာနှင့် အနီးစပ်ဆုံးဖြစ်စေရန် ပြန်လည်နေရာချထားပေးမည်ဖြစ်ပြီး ပိုလျှံသောဈေးဆိုင်ခန်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါနှစ်ထပ်ဈေးရုံသစ် အဆောက်အအုံသည် အလျား ၂၇၉ ပေ၊ အနံ ၂၄ ပေရှိကာ အောက်ထပ်တွင် အလျား ၁၂ ပေ၊ အနံ ၁၀ ပေစီရှိသော ရှေ့ဘက်မျက်နှာလှည့်ဆိုင်ခန်း ၂၂ ခန်းနှင့် ဘေးဘက်မျက်နှာလှည့်ဆိုင်ခန်း ၂၂ ခန်း စုစုပေါင်းဆိုင်ခန်း ၄၄ ခန်း ပါရှိမည်ဖြစ်ကြောင်း၊ အပေါ်ထပ်တွင် Hall Type ပြုလုပ်ကာ မင်္ဂလာပွဲများ၊ အလှူပွဲများနှင့် အခမ်းအနားများ ကျင်းပနိုင်မည့်ခန်းမတစ်ခု ပါဝင်မည့်အပြင် ကျန်အပိုင်းကို Super Market များ၊ Shopping Mall များ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ငဖဲမြို့နယ်၌ မိုးစပါးနှင့်တခြား မိုးသီးနှံ ၃၉၄၉၈ ဧက စိုက်ပျိုးပြီးဖြစ်

ငဖဲ အောက်တိုဘာ ၁၇


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးနှင့် တခြားမိုးသီးနှံ ၃၆၄၄၂ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ လက်ရှိအချိန်ထိ ၃၉၄၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် မန်းချောင်းရေလှောင်တမံဆည်ရေ၊ ရင်းရှည်ရေလှောင်တမံဆည်ရေ၊ ဆည်ငယ်၊ ကန်ငယ်နှင့် မိုးကောင်းသောက်ရေတို့ကို အဓိကထားပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး ရာသီအလိုက်သီးနှံများ စိုက်ပျိုးကြကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် တောင်သူများ စိုက်ပျိုးရေ အခက်အခဲမဖြစ်ပေါ်စေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မန်းချောင်းရေလှောင်တမံမှ ဆည်ရေကို လက်ဝဲ၊ လက်ယာမြောင်းမကြီး တစ်လျှောက် စနစ်တကျ ဖြန့်ဝေပေးသည့်အတွက် တောင်သူများစိုက်ပျိုးထားသောသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည်ရေ၊ ရင်းရှည်ရေလှောင်တမံဆည်ရေ၊ ဆည်ငယ်၊ ကန်ငယ်နှင့် မိုးကောင်းသောက်ရေတို့ကိုအမှီပြု၍ မိုးစပါး ဧက ၁၀၂၀၀၊ ပဲမျိုးစုံ ၄၈၉၈ ဧက၊ ဆီထွက်သီးနှံ ၁၃၅၂၆ ဧက၊ နှံစားသီးနှံ ၅၀၆ ဧက၊ စားဖိုဆောင်သီးနှံ ၂၄၅ ဧက၊ စက်မှုသီးနှံ ၃၉၂၁ ဧကနှင့် တခြားသီးနှံ ၆၂၀၂ ဧက စုစုပေါင်း မိုးစပါးနှင့် တခြားမိုးသီးနှံ ၃၉၄၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

## မိုးလေဝသ သတင်း




# ပခုက္ကူမြို့၌ မြန်မာ့ရိုးရာမီးပုံးများ အရောင်းအဝယ်သွက်လျက်ရှိ

ပခုက္ကူ အောက်တိုဘာ ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်ကာလတွင် ရောင်စုံမီးပုံးများကို အလှဆင်ချိတ်ဆွဲခြင်းနှင့် ဆီမီးထွန်းပူဇော်ခြင်းတို့ပြုလုပ်ကြသည့်အပြင် ကလေးငယ်များ ဆော့ကစားရန် မီးပုံးလက်တွန်းလှည်းများ ရောင်းချနေရသဖြင့် မြန်မာ့ရိုးရာမီးပုံးများ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

"မီးပုံးတွေကို သမီးက ကြိုက်တယ်ပြောလို့ လာရောက်ဝယ်ယူတာပါ။ တခြားမိဘတွေလည်း ကိုယ့်ကလေးအတွက် ဝယ်သလို ကလေးအချင်းချင်း လက်ဆောင်ပေးဖို့လည်း ဝယ်ယူကြပါတယ်။ ပခုက္ကူဈေးကွက်မှာ ပြည်ပမီးပုံးဒီဇိုင်းတွေ ဝင်ရောက်မှုရှိပေမယ့် မြန်မာ့ရိုးရာမီးပုံးတွေကို အဓိကထားဝယ်ယူအားပေးကြတာတွေ့ရပါတယ်"ဟု ပခုက္ကူမြို့မှ မီးပုံးဝယ်ယူသူတစ်ဦးကပြောသည်။

မီးပုံးများပြုလုပ်ရန် တင်းဝါးကို အများဆုံးအသုံးပြုရပြီး ဝါးလွှာခြင်း၊ ဝါးချိုးခြင်း၊ ဘီးလုံးတပ်ဆင်ခြင်း၊ ရောင်စုံစက္ကူများတပ်ခြင်းနှင့် ပန်းချီဆွဲခြင်း လုပ်ငန်းအဆင့်ဆင့်ကို ပြုလုပ်ကြရသည်။ မီးပုံးပြုလုပ်ရာတွင် မြန်မာ့ရိုးရာလက်မှုပညာကိုထိန်းသိမ်းရသည့်အပြင် ကလေးအများစုကြိုက်နှစ်သက်သည့် ဒီဇိုင်းအသစ်အဆန်းများရေးဆွဲကာ ဖန်တီးပြုလုပ်ရကြောင်း၊ မီးပုံးအရုပ်ချိုးရန် ဝါခေါင်လမှစ၍ မှန်ရောင်စက္ကူရွက်နှင့် ဆီစိမ်ကြမ်းစက္ကူရွက်များဝယ်ယူပြီး ကြိုတင်ပြင်ဆင်ရကြောင်း၊ မှန်ရောင်စက္ကူတွင် ဝါ၊ စိမ်း၊ နီ၊ ပြာ၊ ပန်းနု၊ ပန်းဆီ စသည်ဖြင့် အရောင်မျိုးစုံရှိကြောင်း၊ ဝါးမှန်ရွက်အကြည်နှင့် ကော်စေးကိုအသုံးပြုပြီး ပန်းချီရုပ်ပုံရေးဆွဲကာ လက်လုပ်မီးပုံး၊ မီးဆိုင်းနှင့်အရုပ်မျိုးစုံ ဖန်တီးပြုလုပ်နိုင်ကြောင်း ပခုက္ကူမြို့ အမှတ် (၁၀) ရပ်ကွက်မှ မီးပုံးပြုလုပ်ရောင်းချသူတစ်ဦးကပြောသည်။

မီးပုံး၊ မီးဆိုင်းများ၊ ကလေးကစားစရာအရုပ်များဖြစ်သည့် ယုန်ရုပ်၊ ဆင်ရုပ်၊ တိုက်လေယာဉ်ရုပ်၊ သင်္ဘောရုပ် (အကြီး၊ အလတ်၊အသေး)တို့ကို ပုံစံနှင့်အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးသတ်မှတ်ထားကြောင်း၊ လက်ရှိတွင် တစ်ရက်လျှင် အများဆုံး ငွေကျပ် ခြောက်သောင်းဖိုးအထိရောင်းချရပြီး သီတင်းကျွတ်လပြည့်နေ့တွင် ပိုမိုရောင်းအားကောင်းလျက်ရှိကြောင်း၊ အရုပ်များကို တော်သလင်းလပြည့်ကျော် ၁ ရက်မှ စတင်ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ MSME ထုတ်ကုန်သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဆက်လက်ကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ MSME ထုတ်ကုန်သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို အောက်တိုဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီအထိကျင်းပလျက်ရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။


အဆိုပါဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှထုတ်ကုန်ပစ္စည်းများရောင်းချသည့်ဆိုင်ခန်းများ၊ ကျောင်းသားလူငယ်များစာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၄၈၃ ခန်းနှင့်အထူးအစီအစဉ်အဖြစ် Mobile Car များနှင့် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ၊ အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။

ယင်းသို့ ဈေးနှုန်းချိုသာစွာရောင်းချပေးနေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပွဲတော်ရက်များအတွင်း မြတ်စွာဘုရားကို အလှမီးများဖြင့်ပူဇော်ကန်တော့ခြင်း၊ သီတင်းကျွတ်လပြည့်နေ့နှင့် အဖိတ်နေ့များတွင် မီးပုံးပျံလွှတ်တင်အစီအစဉ်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှကျော်ကြားသောအနုပညာရှင်များ၏ဖျော်ဖြေတင်ဆက်မှုများနှင့်ပွဲတော်လာပြည်သူများသွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ကားများလည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။


လင်းခန့်

---

### မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၁၀-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




### မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




❑ ကျောဖုံးမှအဆက်

မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

---

■ MFF Royal–D U–19 မှအဆက်

ရန်ကုန်မြို့ MFF Futsal Stadium ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

MFF Royal–D U–19 Futsal Championship ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် အောက်တိုဘာလ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် Gold Dream FC အသင်းနှင့် YCDC Marga FC အသင်းတို့ကစားခဲ့ရာ YCDC Marga FC အသင်းက ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Rule Breakers FC အသင်းနှင့် Jullniss FC အသင်းတို့ကစားခဲ့ရာ Rule Breakers FC အသင်းက ၅ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Shadow FC အသင်းနှင့် Mahar United အသင်းတို့ကစားခဲ့ရာ Shadow FC အသင်းက ၈ ဂိုး ၅ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အလားတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Ingenious Boy FC အသင်းနှင့် Knight အသင်းတို့ကစားခဲ့ရာ Knight အသင်းက ၆ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂နာရီခွဲတွင် D.Aung Paing FC အသင်းနှင့် King Cobra အသင်းတို့ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်အပြီးတွင် အုပ်စု (A)၌ Insein City FC အသင်းနှင့် The Underdog FC အသင်း၊ အုပ်စု(B)၌ Bushido Youth အသင်းနှင့် Generations Youth အသင်း၊ အုပ်စု (C)၌ Red Eagle FC အသင်းနှင့် 16/1 Youth အသင်း၊ အုပ်စု(D)၌ Golden Heart FC အသင်းနှင့် Noka United အသင်း၊ အုပ်စု(E)၌ Hinthar FC အသင်းနှင့် Yangon Futsal အသင်း၊ အုပ်စု(F)၌ YCDC Marga FC အသင်းနှင့် Gold Dream FC အသင်း၊ အုပ်စု (G) ၌ Shadows FC အသင်းနှင့် Mahar United FC အသင်း၊ အုပ်စု(H)၌ King Cobra FC အသင်းနှင့် D. Aung Paing FC အသင်းတို့က ရှုံးထွက်အဆင့်တက်ရောက်နိုင်ခဲ့ကြပြီး ရှုံးထွက်အဆင့်မဲခွဲမှုကို အောက်တိုဘာလ ၁၈ ရက်**(ယနေ့)**တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

---

Myint Tech Co.,Ltd.
**အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းဆဲ**
**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

Myint Tech Co.,Ltd. အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို (၂၂-၁၀-၂၀၂၄) ရက်နေ့၊ နံနက် ၁၀:၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇ လမ်း၊ အခန်းအမှတ် ၁၅၇၊ ၃လွှာရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဒေါ်မြင့်မြင့် B.Com,C.P.A,
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ပြင်ဆင်ဖတ်ရှုပေးပါရန်**

၁၆-၁၀-၂၀၂၄ ရက်စွဲ၊ စာမျက်နှာ(၂၈)၊ ၌သတင်းစာတွင်ပါရှိသော ပျောက်ဆုံးကြောင်းကြော်ငြာတွင် ဆရာတော်ဦးနန္ဒမဥ္စူ အစား ဆရာတော်ဦးနန္ဒမဥ္စူဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

**မိုးသောက်ပန်း** ဂျာနယ်

ကလေးငယ်များအတွက် ပညာလည်းပေး ဗဟုသုတလည်းရ ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့



ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၁၅-၁၀-၂၀၂၄)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၈)၊ အမှတ်(၄၁)ထွက်ပြီ။

• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •

**သစ်တောထိန်းသိမ်း
တောတွေစိမ်းမှ
ငြိမ်းချမ်းပြည်ရွာ
နိုင်ငံသာ၏**

**သစ်တောမှန်လျှင်
အသုံးဝင်
အစဉ်ထာဝရ
ထိန်းသိမ်းကြ**



# သီတင်းကျွတ်လပြည့်နေ့တွင် အမြို့မြို့အနယ်နယ်၌ စည်ကားများပြားနေမှု ဓာတ်ပုံမြင်ကွင်း



သီတင်းကျွတ်လပြည့်နေ့တွင် ကျောက်ဆည်မြို့ရှိ ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။ သက်မောင်(ကျောက်ဆည်)



သီတင်းကျွတ်လပြည့်နေ့တွင် ပေါင်မြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။ မွန်မလေး(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်နေ့တွင် ပဲခူးမြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။ သက်ဖြိုးကြိုင်(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်နေ့တွင် ကျောက်ပန်းတောင်းမြို့ရှိ ရှေးဟောင်း သမိုင်းဝင် မြစည်းခုံဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။ နေအောင်(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်မြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။ ငွေဇင်ယော်(ထားဝယ်)



သီတင်းကျွတ်လပြည့်နေ့တွင် ပင်းတယမြို့ ရွှေဥမင်လိုဏ်ဂူတော်ဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။ အောင်ကိုဦး(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်နေ့တွင် ဖလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။ ဝေယံ(ဖလွန်ပြန်/ဆက်)



ဘားအံမြို့သီရိကွင်း၌ သီတင်းကျွတ်လပြည့်နေ့အထိမ်းအမှတ် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်နေမှုကိုတွေ့ရစဉ်။ စောမျိုးမင်းသိန်း(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်နေ့တွင် ဘိုကလေးမြို့နယ်၌ ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။ မိုးစက်(ဘိုကလေး)



သီတင်းကျွတ်လပြည့်နေ့တွင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ အပန်းဖြေကြသူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။ ကျော်လင်းဦး(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်နေ့တွင် မုဒုံမြို့နယ်ရှိ ကန်ကြီးစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်မင်္ဂလာကန်တော်၌ မြန်မာ့ရိုးရာလှေလှော်သဘင်ပြိုင်ပွဲတွင် လာရောက်ကြည့်ရှုအားပေးကြသူများကိုတွေ့ရစဉ်။ အောင်မျိုးသူ(ပြန်/ဆက်)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒီမိုကရေစီအဓိပ္ပာယ်ပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု (ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်စာရွက်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မန်စီးတီးအသင်းက အသင်းမှ နည်းပြ ဂွါဒီယိုလာထွက်ခွာခဲ့ပါက နည်းပြသစ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်း နည်းပြ အမိုရင်ကိုခန့်အပ်ရန်စီစဉ်ထား

မန်ချက်စတာ အောက်တိုဘာ ၁၇

မန်စီးတီးအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ နည်းပြဂွါဒီယိုလာထွက်ခွာခဲ့ပါက နည်းပြသစ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်းနည်းပြ အမိုရင်ကို ခန့်အပ်ရန်စီစဉ်ထားကြောင်း သိရသည်။

နည်းပြ ဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ၂၀၁၆ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်အောင်တည်ဆောက်နိုင်ခဲ့ကာ ဆုဖလားများစွာ ဆွတ်ခူးပေးနိုင်ခဲ့ပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

မန်စီးတီးအသင်းအနေဖြင့် နည်းပြဂွါဒီယိုလာကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း နည်းပြ ဂွါဒီယိုလာကိုယ်တိုင်က အသင်းမှ ထွက်ခွာလိုနေသည့်အတွက် လက်ရှိအချိန်ကတည်းက နည်းပြသစ်ခန့်အပ်ရန်စီစဉ်နေခြင်းဖြစ်သည်။

အသက် ၃၉ နှစ်အရွယ် နည်းပြအမိုရင်သည် ၂၀၂၀ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းကို ပေါ်တူဂီလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် မန်စီးတီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန်စီစဉ်နေခြင်းဖြစ်သည်။

ယခုဘောလုံးရာသီအကုန်တွင်လည်း မန်စီးတီးအသင်း ဘောလုံးဒါရိုက်တာသစ်အဖြစ် လက်ရှိ စပို့တင်းလစ္စဘွန်းအသင်းမှ ဘောလုံးဒါရိုက်တာ ဗီယာနာက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည့်အတွက် နည်းပြသစ်အဖြစ် အမိုရင်ကိုခန့်အပ်ဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Topskills Sports UK*

# မန်ယူအသင်းကွင်းလယ်ကစားသမား အူဂါတေး ဒဏ်ရာကြောင့် ဘရန့်ဖို့ဒ်အသင်းနှင့်ကစားမည့်ပွဲစဉ်ကို လွဲချော်မည်

မန်ချက်စတာ အောက်တိုဘာ ၁၇

မန်ယူအသင်းကွင်းလယ်ကစားသမား အူဂါတေးသည် ပေါင်ကြွက်သားဒဏ်ရာကြောင့် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ်ကစားမည့် ဘရန့်ဖို့ဒ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အူဂါတေးသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန်အဖြစ် ဥရုဂွေးအသင်းနှင့်အီကွေဒေါ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိပြီးနောက် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် ကွင်းအတွင်းမှ လူစားလဲထွက်ခွာခဲ့ရသည်။

အူဂါတေးအနေဖြင့် ပေါင်ကြွက်သားဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကြံခိုင်မှုပြည့်ဝရန် အနားယူရမည့်အခြေအနေများကြောင့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

အူဂါတေးသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့စဉ်ကလည်း ဒူးဒဏ်ရာကြောင့် ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာလက စတင်ပါဝင်ကစားနိုင်ခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာကြောင့် ထပ်မံအနားယူရမည်ဖြစ်သည်။

မန်ယူအသင်းကွင်းလယ်ပိုင်းတွင် အူဂါတေးအပြင် အဓိက ကစားသမားများဖြစ်သည့် ကိုဘီမိုင်နူးနှင့် မေဆင်မောင့်တို့လည်း ဒဏ်ရာကြောင့် အနားယူနေရကြောင်း သိရသည်။

*Ref;Goal.com*



# ရီးယဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် အသက်အကြီးဆုံးကစားသမားအဖြစ် ပွတ်စ်ကတ်တင်ထားသည့်စံချိန်ကို မိုဒရစ်ကျော်ဖြတ်နိုင်ရန်နီးစပ်နေ



မက်ဒရစ် အောက်တိုဘာ ၁၇

ရီးယဲလ်မက်ဒရစ်အသင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်သည် အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အကြီးဆုံးကစားသမားအဖြစ် စံချိန်တင်ထားသည့် ပွတ်စ်ကတ်၏စံချိန်ကို ကျော်ဖြတ်နိုင်ရန်နီးစပ်နေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အကြီးဆုံးကစားသမားအဖြစ် ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ပွတ်စ်ကတ်က ၁၉၆၆ ခုနှစ်က စံချိန်တင်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ မိုဒရစ်က ပွတ်စ်ကတ်တင်ထားခဲ့သည့်စံချိန်ကိုကျော်ဖြတ်ကာ အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အကြီးဆုံးကစားသမားအဖြစ် စံချိန်တင်နိုင်ရန်နီးစပ်နေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်း သမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အကြီးဆုံးကစားသမားအဖြစ် ၁၉၆၆ ခုနှစ်က ပွတ်စ်ကတ်က အသက် ၃၉ နှစ်နှင့် ၃၆ ရက်ဖြင့်စံချိန်တင်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ မိုဒရစ်သည် အောက်တိုဘာလ ၂၀ ရက်တွင် စပိန်လာလီဂါပွဲစဉ်အဖြစ် ကစားမည့် ဆယ်လ်တာဗီဂိုအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပါက ရီးယဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အကြီးဆုံးကစားသမားဖြစ်လာမည်ဖြစ်သည်။

မိုဒရစ်သည် လာမည့်ဆယ်လ်တာဗီဂိုအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခဲ့လျှင် ၎င်း၏အသက်မှာ ၃၉ နှစ်နှင့် ရက် ၄၀ ဖြစ်သည့်အတွက် ပွတ်စ်ကတ်၏ အသက် ၃၉ နှစ်နှင့် ၃၆ ရက်စံချိန်ကိုကျော်ဖြတ်ပြီး အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အကြီးဆုံးကစားသမားဖြစ်လာမည်ဖြစ်သည်။

မိုဒရစ်သည် ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ကာ လက်ရှိအချိန်ထိ အသင်းတွင် အရေးပါသည့်ကစားသမားအဖြစ် ရပ်တည်လျက်ရှိပြီး ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ စပိန်လာလီဂါ ကိုးပွဲပါဝင်ကစားခဲ့ကာ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ပေးထားကြောင်း သိရသည်။

*Ref;The Athletic*

# အင်္ဂလန်အသင်းနည်းပြသစ် တူချယ်လ်၏မိတ်ဆက်ပွဲကို ယခုရက်သတ္တပတ်အတွင်း ကျင်းပရန်စီစဉ်

လန်ဒန် အောက်တိုဘာ ၁၇

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) က အင်္ဂလန်အသင်းနည်းပြသစ်အဖြစ်ခန့်အပ်ရန် သဘောတူညီမှုရရှိထားသည့် နည်းပြတူချယ်လ်၏ မိတ်ဆက်ပွဲအခမ်းအနားကို ယခုရက်သတ္တပတ်အတွင်း လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားကွင်း၌ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အင်္ဂလန်အသင်းနည်းပြရာထူးမှ နည်းပြဆောက်ဂိတ်နုတ်ထွက်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြဟောင်း တူချယ်လ်ကို ခန့်အပ်ရန်သဘောတူညီမှုရရှိခဲ့ပြီး ယခုရက်သတ္တပတ်အတွင်း အပြီးသတ်လက်မှတ်ရေးထိုးကာ မိတ်ဆက်ပွဲအခမ်းအနားကိုလည်း ကျင်းပမည်ဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အစောပိုင်းက လစ်လပ်နေသည့် အင်္ဂလန်အသင်းနည်းပြရာထူးအတွက် လက်ရှိယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်နေသော နည်းပြလီကာစလေကို ခန့်အပ်ရန်စောင့်ကြည့်ခဲ့သော်လည်း ဂရိအသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပြီးနောက် နည်းပြလီကာစလေအား စောင့်ကြည့်နေမှုကို ရပ်ဆိုင်းခဲ့ပြီး နည်းပြသစ်အဖြစ် တူချယ်လ်ကိုခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၅၈၀ ၈၄၈ ၆၉၉၊ ၀၉ ၅၉၃ ၅၇၂ ၆၁၆


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
THE BEST QUALITY TYRE


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ . . .**

❖ **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်းစုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**အထူး မိုးလေဝသ သတင်း**


# အောက်တိုဘာလ ၁၉ ရက်မှ ၂၄ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာနိုင်သော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းဆဲလ်နှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ် လာနိုင်သောလေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ အောက်တိုဘာလ ၁၉ ရက်မှ ၂၄ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်

စာမျက်နှာ ၂၇ ကော်လံ ၁ ❑

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၁၀-၂၀၂၄ မှ ၂၀-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ






# MFF Royal-D U-19 Futsal Championship ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal-D U-19 Futsal Championship ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ပြီး

စာမျက်နှာ ၂၇ ကော်လံ ၁ ■

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည်ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

